# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 23 January 2026 ၁၂၀၇၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center ၊ Neighboring Countries Coordination Center (NCCC) ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေနှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး NCCC ဌာန၏ အကြီးအကဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး Army Operation Center ၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ယနေ့ ဖတ်စရာ


**ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်** စာမျက်နှာ » ၃

**တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေ အရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်** စာမျက်နှာ » ၅

**(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ၁၈ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူခြင်း** စာမျက်နှာ » ၄



**သွေးချင်းတို့ရဲ့ သစ္စာပန်းတိုင်နှင့် ခေတ်မီဖွံ့ဖြိုးသော အနာဂတ်ဆီသို့ ...** ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ပညာရေးကဏ္ဍတိုးတက်မြင့်မားခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇန်နဝါရီ ၁၉ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးရာတွင် "မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးအရ ပေးထားသည့် ကတိများအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ နိုင်ငံ့ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည့်အခါတိုင်း ပညာရေးကဏ္ဍ၏အရေးကြီးပုံကို အလျဉ်းသင့်သလို ထည့်သွင်းပြောကြားလေ့ရှိသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်လျှင် ပညာရေးကဏ္ဍအားနည်းမှုကြောင့် တိုးတက်မှုနှေးကွေးခြင်းအကျိုးရလဒ်များနှင့် ကြုံတွေ့နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအနေဖြင့် ပညာရေးကို အဓိကအားပေးခြင်း၊ ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံထားခြင်းတို့ကြောင့် နိုင်ငံကိုဦးဆောင်သူများနှင့် ပြည်သူများမှာ အသိဉာဏ်ပညာမြင့်မားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံကို ခေတ်နှင့်အညီ လိုက်ပါတိုးတက်လာအောင် ပညာရေးကို အဆက်မပြတ် မြှင့်တင်ပေးနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍ၌ အကြောင်းအမျိုးမျိုးကြောင့် အားနည်းချက်များရှိနေသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လူသားအရင်းအမြစ်များလိုအပ်နေမှု၊ ပြည်သူများအနေဖြင့် အသိပညာအတွေးအခေါ်မြင့်မားတိုးတက်မှု၌ လိုအပ်မှုများရှိနေရာ အချို့ဆိုလျှင် အမှားအမှန် အကောင်းအဆိုးတို့ကို မဝေခွဲနိုင်ဘဲ အပြုထက် အပျက်ဘက်သို့ ရောက်ရှိနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီသော ဒေသများတွင် ပညာရေးကဏ္ဍ၌ နိမ့်ကျမှုများရှိနေသဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့၌ အားနည်းချက်များဖြစ်ပေါ်ပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေခံမြေခံနှင့်အခြေခံကောင်းများ များစွာပိုင်ဆိုင်ထားသည်ကို တွေ့မြင်နိုင်သည်။ သို့သော် အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသည်မှာ ပညာရေးအားနည်းခြင်းကြောင့်ဖြစ်နေသည်ကို ထင်ရှားစွာတွေ့ရသည်။ ဒေသအသီးသီးတွင် လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။ ဒေသထုတ်ကုန်စွမ်းအားများ အပြည့်အဝမထုတ်လုပ်နိုင်ဘဲ စီးပွားရေး၌ လိုအပ်ချက်များရှိနေသည်။ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရကာလက စီမံခန့်ခွဲမှုအလွဲအမှားများကြောင့် တိုင်းပြည်စီးပွားရေးတိုးတက်မှု နှောင့်နှေးကြန့်ကြာခဲ့မှုများလည်းရှိသည်။ လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သည့်အချိန်၌ နိုင်ငံတော်တွင် ကုန်သွယ်ရေးလိုငွေပြမှု မြင့်မားနေသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ရာ ကုန်သွယ်မှုလိုငွေ လျော့နည်းလာခဲ့သည်။

သို့သော် စီးပွားရေးတိုးတက်မှုတွင် လိုအပ်ချက်များရှိနေသေးသဖြင့် ယခုထက်ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးလျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၌ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အတတ်ပညာရှင် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်၍ ပညာရေးကဏ္ဍကို နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားသည့်အတိုင်း မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အဖြစ်အပျက်များနှင့် ပဋိပက္ခများကို သုံးသပ်ကြည့်လျှင် အခြေခံအားဖြင့် တစ်ဦးချင်း အတန်းပညာအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာတွေ့ရှိနိုင်သည်။ အတန်းပညာအားနည်းမှုကြောင့် စည်းကမ်းလိုက်နာမှုနှင့် တွေးခေါ်မြော်မြင်မှုအားနည်းခြင်း၊ ကျေးလက်နှင့်တိုင်းရင်းသားဒေသမှ ပြည်သူများ အမှားဘက်သို့ရောက်ရှိလွယ်ခြင်း၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်နိုင်မှုအားနည်းသောကြောင့် ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

သို့ဖြစ်ရာ အတန်းပညာပြည့်စုံအောင်တတ်မြောက်မှ အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံတော်ကို မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ နိုင်ငံ့ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ သန္တာကြည် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ( ခ ) ဦးမျိုးကျော်သူ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် EV Power Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Golden Mandalar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 နှင့် BYD Seal အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Eado နှင့် Changan Deepal S07 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအတွက် မြို့ပေါ်ရပ်ကွက်များ၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများကို ဇန်နဝါရီ ၂၂ ရက်က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် သန္ဒေ တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များတွင် မီးချိတ် မီးကပ်၊ သဲ၊ ရေပုံး၊ လှေကား၊ မီးသတ်ဆေးဘူးတို့ကို ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ ပြသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုအောင်**

## ၂၂ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၄၀၀ | ၁၃၅ | ၁,၁၃၆,၇၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၅၀၈ | ၁,၉၃၀,၄၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၀၀ | ၈၀၀,၀၀၀ |
| FPB | ၂,၈၀၀ | ၂,၈၀၀ | ၇၄၆ | ၂,၀၈၈,၈၀၀ |
| TMH | ၃,၂၀၀ | ၃,၃၀၀ | ၆ | ၁၉,၄၅၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၈၉၄ | ၃,၀၃၈,၄၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၅ | ၂၁,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၀၅၀ | ၁,၄၄၈ | ၄,၄၁၈,၇၀၀ |
| MADPL(PLB) | ၂,၅၅၀ | ၂,၅၅၀ | ၁၅,၄၈၁ | ၃၉,၄၈၁,၂၀၀ |
| ASPGB(PLB) | ၃၅,၀၀၀ | ၃၃,၀၀၀ | ၃၀ | ၁,၀၁၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထိုင်းဘုရင့်ကြည်းတပ် စစ်သံမှူး Senior Colonel Pongphan Puttha နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံးနှင့် (NCCC)ဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အကြီးအကဲများ၏ ဦးဆောင်မှုဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးတက်လျက်ရှိသည့်အခြေအနေများနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများ၊ နှစ်နိုင်ငံ ကုန်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန် မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံသတင်းအချက်အလက်များ ဖလှယ်ခြင်းများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)နှင့်အပိုင်း(၂)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အခြေအနေများနှင့် လာမည့် ဇန်နဝါရီ ၂၅ ရက်တွင် အပိုင်း(၃)ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ (NCCC) ဌာန၏ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ Army Operation Center Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ **မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ တစ်ကျော့ပြန် မပေါ်ပေါက်လာစေရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံသတင်းအချက်အလက်များ ဖလှယ်ခြင်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး**

## ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အသိပေးနှိုးဆော်စာ**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အား မြို့နယ် ၁၀၀ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ် အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး မစ္စတာတာရိခ်ကာရီးမ် အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုအတွက် လက်ချင်းဆက်**

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ၁၈ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်ဝိစိတ္တသာရ သက်တော် (၅၁) နှစ် သိက္ခာ (၃၁) ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသည် တိပိဋကဓရ တိပိဋကကောဝိဒ ၁၈ ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၈)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ (၇၇)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ၁၇ ပါး ပေါ်ထွန်းခဲ့ပြီး (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၇ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၇၇ ခုနှစ် (၂၀၁၆ ခုနှစ်) (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၈ ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်း သုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ" ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ"ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကိုခံယူတော်မူမည့် အရှင်ဝိစိတ္တသာရ (ဒီပဲယင်းတိပိဋကဆရာတော်)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်**


အရှင်ဝိစိတ္တသာရသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဝန်းရံကျေးရွာ ခမည်းတော် ဦးငွေး+ မယ်တော် ဒေါ်ကြင်နီတို့မှ ၁၃၃၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

အရှင်ဝိစိတ္တသာရသည် ၁၃၅၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့တွင် ရေဦးမြို့နယ် တင်းတိန်ရံဈေး ဓမ္မိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးငွေးသောင်+ဒေါ်တင်စုမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ကျေးဇူးရှင်မိဘနှစ်ပါးမိသားစု၊ ဦးအောင်ငွေး+ဒေါ်လေးနီ မိသားစု၊ နောင်ချိုမြို့နေ ဒေါက်တာမြင့်ကြွယ်+ ဒေါ်အေးအေးသိန်း မိသားစု၊ ဒေါ်မူမူစန်း၊ ဒေါ်ကြူကြူသန်း (ရွှေမင်းသမီးရှော့ပင်းစင်တာ) မိသားစု၊ ပြည်မြို့ ဦးစန်းမြင့်+ဒေါ်အေးပိုမိသားစု၊ သုံးခွမြို့ ဦးတင်ဝင်း + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့ ဦးလွင်မြင့်+ဒေါ်ရီရီထွေး မိသားစု၊ မိုးကုတ်မြို့ ပန်းမရပ်နေ ကိုလှမျိုးသန့်+မဥမ္မာချို (ရွှေသရဖူ) မိသားစု၊ သုဝဏ္ဏ ဦးအောင်ဆန်းဝင်း+ဒေါ်စန်းယုမော် (ဆန်းကိုကိုဘီစကစ်) မိသားစု၊ ရန်ကုန်မြို့ ဦးသန်းကျော်ထူး+ ဒေါ်သက်ထားတင် (ငွေကံ့ကော် ရွှေဆိုင်) မိသားစု၊ နေပြည်တော် ဦးကြင်စိန်+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီအေး၊ ကိုဂင်ထက်နိုင်+ သမီး မမော်လီလင်း (တဖထရေးဒင်းကုမ္ပဏီ)၊ လမ်းမတော်မြို့ ဦးမိန်တက်+ ဒေါ်သန်းသန်းမော် (မေလင်းအင်ဂျင်းသရီးဂိုးစတားကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့ ဦးဆင်ကျော်+ဒေါ်ခင်မျိုးကြွေ မိသားစု၊ ယုဇနဥယျာဉ်မြို့တော် ဦးမောင်ကျေး+ဒေါ်ချိုချိုပြုံး မိသားစု၊ တာမွေမြို့နယ် မွန်မြတ်မေတ္တာအိမ်ရာနေ ဦးလှထွန်း+ဒေါ်လှမိသားစု၊ ခရမ်းမြို့ ကိုကျော်စွာမင်း+မအေးအေးနိုင် (မင်းဘုန်းရွှေကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ချို မိသားစု၊ တောင်ကြီးမြို့နေ ဒေါ်ချောစုလှိုင်၊ သားသမီးများမိသားစု၊ တောင်ဥက္ကလာပမြို့နေ ဦးခိုင်ဇော်လင်း+ဒေါ်ဝါဝါဝင်း တို့ကိုအမှူးထား၍ ဒေါ်ထက်ယမင်းခိုင် (ယမင်းဂျပန်စာသင်တန်းကျောင်း) မိသားစု၊ ရန်ကုန်မြို့နေ ဒေါ်ခင်သီတာနှင့် မောင်နှမတစ်စု (မိုးဦးပန်းပရိဘောဂ)၊ တာမွေမြို့နေ ဦးသိန်းအောင်နှင့် သားသမီးများ၊ ကဝမြို့နယ် ဈေးဖလုံကျေးရွာ ကိုငွေးလင်း+မသီသီအောင် မိသားစု၊ ပဲခူးမြို့နေ ဦးသောင်းဝင်း + ဒေါ်သန်းကြွယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သိက္ခာထပ်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ကျေးဇူးရှင်ဆရာတော်ကြီးများ**

ဒီပဲယင်းမြို့နယ် ဝန်းရံကျောင်းငယ်ဆရာတော် ဘဒ္ဒန္တဇောတိက၊ အနန္တဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဝံသနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင်မဟာနာယကဆရာတော် ဘဒ္ဒန္တဩမာဝီရာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယကစည်ရှင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသနှင့်စာချဆရာတော်များ၊ မန္တလေးမြို့ ဓမ္မမာနိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် အတုလဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ရွှေပြည်သာမြို့နယ် သာခုကန်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရန်ကုန်မြို့ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ပိဋကနှစ်ပုံခွဲဆောင် ဘဒ္ဒန္တဩဘာသာဘိဝံသ တို့ဖြစ်ပါသည်။



**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့ (၁)၊ အဘိဓမ္မ ဝိဒူဘွဲ့ (၂)၊ နိကာယဝုမိသမိတိ ဝိနယကောဝိဒဘွဲ့၊ နိကာယုဇ္ဈောတက ဓမ္မတ္ထဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဈောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတကအတ္ထဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမဘာဂ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမအာဘိဓမ္မိက ဘာဏကဘွဲ့တို့ကိုရရှိခဲ့ပြီး တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ၁၃၆၃ ခုနှစ် ဥဘတောဝိဘင်္ဂရဘွဲ့၊ ၁၃၆၅ ခုနှစ် ဝိနယရဘွဲ့၊ ၁၃၆၇ ခုနှစ် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့၊ ၁၃၆၈ ခုနှစ် ဝိနယကောဝိဒဘွဲ့၊ ၁၃၆၉ ခုနှစ် ဒီဃဘာဏကဘွဲ့၊ ၁၃၇၁ ခုနှစ် ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၇၂ ခုနှစ် မူလအာဘိဓမ္မိကဘွဲ့၊ ၁၃၇၄ ခုနှစ် မူလအာဘိဓမ္မကောဝိဒဘွဲ့၊ ၁၃၇၆ ခုနှစ် အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့တို့ ဖြစ်ပါသည်။

**အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်**

ယခုနှစ်(၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်**

ယခုအခါ အရှင်ဝိစိတ္တသာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိးဝါ ကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ၊ သုံးဌာနအခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦးအပါအဝင် ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါသည်။

# ပဲခူးမြို့၌ ပဉ္စမအကြိမ်မြောက် ဆေးပဒ္ဒာန်းအောင်ပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၂**

ပဉ္စမအကြိမ်မြောက်ဆေးပဒ္ဒာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ရင်ပြင်တော်ရှိ ရွှေကျောင်းတော်ကျောက်ပန်းတောင်းဓမ္မာရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက ရွှေမော်ဓော စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တဥေ ယျမ္မော ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံ ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းကာ ရွှေမော်ဓောစေတီတော်ကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တသီရိန္ဒထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ရင်ပြင်တော်ပေါ်၌ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိဆေးပစ္စည်းများနှင့်



လှူဖွယ်ဝတ္ထုများ လောင်းလှူ လှူဒါန်းကာ ဘုရားဖူးလာ ကျွေးမွေးခဲ့ကြောင်း သိရသည်။
ပူဇော်ကြပြီး နေ့ဆွမ်းဆက်ကပ် ပြည်သူများအား စတုဒိသာ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက် (ကြာသပတေးနေ့) ၂၂-၁-၂၀၂၆ ရက်၊ နံနက် ၀၈:၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း(၂/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေ အရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည်-

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ (ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင်**

**အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၂၆၂) အရှင်ဝိစိတ္တသာရ၊ အသက် (၅၁)နှစ်၊ သိက္ခာ (၃၁)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**

**ဒီဃနိကာယကောဝိဒ (၃)ပါး**

၁။ ပလ္လင်အမှတ် (၂၉၃) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၀၅) အရှင်သုမင်္ဂလ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝိမလာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင်**

**ဝိနယကောဝိဒ (၇)ပါး**

၁။ ပလ္လင်အမှတ် (၃၃၃) အရှင်ကောသလ္လ၊ အသက် (၄၇)နှစ်၊ သိက္ခာ (၂၆)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၃၇၁) အရှင်သိရီဉာဏာလင်္ကာရ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၇၇) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈၁) အရှင်ပညာသိရီလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၃၈၂) အရှင်ကုသလ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၆။ ပလ္လင်အမှတ် (၃၈၃) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၃၈၄) အရှင်သုစိတ္တာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင်**

**ဥဘတောဝိဘင်္ဂကောဝိဒ (၁၁)ပါး**

၁။ ပလ္လင်အမှတ် (၄၂၇) အရှင်နန္ဒိယာလင်္ကာရ(ဒီပဲယင်း)၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၄၃၁) အရှင်အဂ္ဂဉာဏ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၄၄၉) အရှင်ပညာသာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၄၅၁) အရှင်ကုမာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ ပိဋကသုံးပုံနိကာယ် စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၄၅၃) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၄၅၄) အရှင်ကိတ္တိဝိဒါလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ
ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၄၆၆) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက် (၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၄၈၃) အရှင်ပညာနန္ဒ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ
မေတ္တာနန္ဒကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၉။ ပလ္လင်အမှတ် (၅၀၂) အရှင်ကုသလာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၅၀၅) အရှင်ဝိဇာတာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၂၆) အရှင်ကုမာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ
မုဋ္ဌလိန္ဒာပရိယတ္တိစာသင်တိုက်၊ ရမည်းသင်း၊ မန္တလေးတိုင်းဒေသကြီး။

# တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂)ရက် (ဗုဒ္ဓဟူးနေ့) ၁၄-၁-၂၀၂၆ ရက်၊ နံနက် ၀၈:၀၀ အချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေ ခွင့်ပြုလိုက်သည်-

**အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းအာဂုံအောင်**

**မူလအာဘိဓမ္မိက (၃)ပါး**

၁။ ပလ္လင်အမှတ်(၂) အရှင်ဂန္ဓမာ၊ အသက် (၄၃)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၃) အရှင်အစ္ဆရိယ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၂)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၄) အရှင်ပညာစာရာလင်္ကာရ၊ အသက် (၄၂)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**

**ဒီဃဘာဏက (၁)ပါး**

၁။ ပလ္လင်အမှတ်(၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ နေပြည်တော်။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**

**ဝိနယဓရ (၂၈)ပါး**

၁။ ပလ္လင်အမှတ်(၁၂) အရှင်ပညာသိရီ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၁)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၄) အရှင်ပရမ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃။ ပလ္လင်အမှတ်(၂၅) အရှင်ပညာဓဇ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၆) အရှင်သုဇာတ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကဓမ္မပါလမဟာ ဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၃၁) အရှင်အာစာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၄) အရှင်ဓမ္မိက၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၃၈) အရှင်ဣန္ဒကာလင်္ကာရ (နတ်မောက်)၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၈။ ပလ္လင်အမှတ်(၄၅) အရှင်သောဘိတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၅၁) အရှင်ဣန္ဒကာလင်္ကာရ (ဟိုပုံး)၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၁၀။ ပလ္လင်အမှတ်(၆၃) အရှင်ရာဇိန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၁။ ပလ္လင်အမှတ်(၆၄) အရှင်ဝိသာရဒါလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ်(၆၅) အရှင်အာလောက၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၆၉) အရှင်ပညာဝံသာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာမျက်နှာ ၆ သို့ ✶

✶ စာမျက်နှာ ၅ မှ

၁၄။ ပလ္လင်အမှတ်(၇၀) အရှင်သုဇန (နမ္မတူ)၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၅။ ပလ္လင်အမှတ်(၇၇) အရှင်ဃောသိတ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၆။ ပလ္လင်အမှတ်(၈၃) အရှင်အဂ္ဂိနန္ဒ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၉၄) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ်(၉၆) အရှင်ဇဝန၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၉၉) အရှင်ဇဝန၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၀၀) အရှင်ကောသလ္လ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ်(၁၀၃) အရှင်တိက္ခဉာဏ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ်(၁၁၀) အရှင်စက္ကိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၃။ ပလ္လင်အမှတ်(၁၁၁) အရှင်နန္ဒိသေနာလင်္ကာရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာ ဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၁၃) အရှင်တေဇသာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ်(၁၁၇) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကစိန်ရွှေဖူး ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၁၁၈) အရှင်သုစိတ္တ၊အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၇။ ပလ္လင်အမှတ်(၁၂၂) အရှင်စန္ဒိမာ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၁၂၆) အရှင်ဉာဏာစာရာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာ ဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရေ (၄၆)ပါး**

၁။ ပလ္လင်အမှတ်(၁၃၁) အရှင်ဓမ္မသေနာလင်္ကာရ၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၇)ဝါ မဏိမန္တလာဇေယျုံကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၃၂) အရှင်ဇယဇောတ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ မင်္ဂလသိရီပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၁၃၇) အရှင်သီလာစာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၁၃၉) အရှင်ဩဘာသာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၁၄၀) အရှင်ဟိတေသက၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကနိကာယ မော်လမြိုင်ကျောင်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၁၄၂) အရှင်နန္ဒဝံသ၊အသက် (၃၂)နှစ်၊သိက္ခာ (၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၁၄၄) အရှင်အဂ္ဂသာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၁၄၇) အရှင်ကုဏ္ဍလ၊အသက် (၃၃)နှစ်၊သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသိရီ (ပျော်ဘွယ်)၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာ ဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၁၄၉) အရှင်ဝါသဝါလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ ပညာရောင်ခြည် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ်(၁၅၁) အရှင်ပညိန္ဒ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ်(၁၅၇) အရှင်ကောမလဝရာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၈)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၁၅၈) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ်(၁၅၉) အရှင်ကောဝိဒ၊အသက် (၂၈)နှစ်၊သိက္ခာ (၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ်(၁၆၅) အရှင်ဇောတိသာရာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၇)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ်(၁၆၈) အရှင်ရာဟုလာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၁၆၉) အရှင်ရာဇဓမ္မ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၈။ ပလ္လင်အမှတ်(၁၇၂) အရှင်နန္ဒိသေနာဇဉာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၃)ဝါ မနာပဒါယီ ပညာရေး စင်တာကျောင်းတိုက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ်(၁၇၄) ရှင်ပညာစက္ကာလင်္ကာရ၊ အသက် (၁၉)နှစ်၊ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၈၁) အရှင်သုဝီရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ်(၁၈၂) အရှင်ကေတုမာလာ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၂။ ပလ္လင်အမှတ်(၁၈၉) အရှင်ဣန္ဒောဘာသ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၁)ဝါ သာမဏေကျော် စာသင်တိုက်၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ်(၁၉၄) အရှင်ယသဓမ္မ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၉၇) အရှင်သီဟ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၅။ ပလ္လင်အမှတ်(၂၀၂) အရှင်ကုသလ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ ဥသျှောင်သီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၂၀၃) အရှင်ဆေကိန္ဒာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၉)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ်(၂၀၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ်(၂၁၃) အရှင်ဩသဓလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ ခေမဝတီသာသနာရောင်ခြည်ကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ်(၂၁၅) အရှင်ထာဝရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ်(၂၁၆) အရှင်ဥေ ယျဓမ္မာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ်(၂၁၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ်(၂၂၀) အရှင်ဝိစိတ္တ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ တိပိဋကစုဆန်းလီ ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ်(၂၂၇) အရှင်တေဇိန္ဒ၊အသက် (၃၅)နှစ်၊သိက္ခာ (၁၅)ဝါ တိပိဋကဓမ္မပါလမဟာဝိဟာရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ်(၂၃၀) အရှင်ကောဝိဒ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၄)ဝါ တိပိဋကဓမ္မပါလမဟာ ဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၅။ ပလ္လင်အမှတ်(၂၃၃) အရှင်ပဏ္ဍိတာလင်္ကာရ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ တန့်ကြည်တောင် အောင်အပ်နှံသာမဏေကျော်ကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၆။ ပလ္လင်အမှတ်(၂၃၄) အရှင်ပညာဇောတ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကစိန်ရွှေဖူး ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ်(၂၃၅) အရှင်တေဇောဘာသ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၈။ ပလ္လင်အမှတ်(၂၄၆) အရှင်ခေမိသရ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၉။ ပလ္လင်အမှတ်(၂၄၇) အရှင်အာစာရာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ ရွှာမပရိယတ္တိ စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ်(၂၄၈) အရှင်ကရုဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၁။ ပလ္လင်အမှတ်(၂၄၉) အရှင်ဝိစာရိန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ မဟာသုဗောဓာရုံ ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝရဏာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ်(၂၅၃) အရှင်တေဇောဘာသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ တိပိဋက မဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ်(၂၅၄) အရှင်ဥတ္တရသိရီလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ မဇ္ဈိမဂုဏ်ရည် ကျောင်း၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

၄၅။ ပလ္လင်အမှတ်(၂၅၅) အရှင်အရိယာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၆။ ပလ္လင်အမှတ်(၂၅၈) အရှင်ဣန္ဒပါလ၊ အသက် (၂၄)နှစ်၊ သိက္ခာ (၄)ဝါ တိပိဋကမဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

# မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားကြေညာချက်

၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၂၃)ရက်
(၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့မှ (၂၉)ရက်နေ့အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို့ သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက် မိမိတို့မြန်မာနိုင်ငံ၏ တာဝန်ယူမှုနှင့် ဂုဏ်သိက္ခာရှိသော လုပ်ရပ်တို့ကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် မိမိတို့နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေအပေါ် ယုံကြည်မှု အခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ် အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန်နှင့် မတရားစွပ်စွဲမှုများ ဖြစ်လာစေရန် လုပ်ဆောင်နေကြခြင်းကို နိုင်ငံတကာမှ သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာတရား၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

# ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများ ပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှမပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ တရားရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာ အသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြု လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသား အမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသားပြောဆိုကြပါရန်။

**သတင်းအဖွဲ့**

# မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာအတွက် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းက အပြည့်အဝထောက်ခံကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာ–အိန္ဒိယချစ်ကြည်ရေးအသင်း(MIFA)
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ (၂၉) ရက်နေ့အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားဖော်ဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဂမ်ဘီယာနိုင်ငံ၏ မဟုတ်မမှန် စွပ်စွဲချက်များအား ဥပဒေကြောင်းအရ ခိုင်မာစွာ ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများကို မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးအသင်းက အလေးအနက်တန်ဖိုးထား အားပေးထောက်ခံသည့်အပြင် နိုင်ငံတော်၏ အမှန်တရားနှင့် အမျိုးသား အကျိုးစီးပွားကို ကမ္ဘာ့အလယ်တွင် ရဲဝံ့စွာ ခုခံကာကွယ်နေခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် နိုင်ငံတော်၏မူဝါဒ၊ သဘောထားများနှင့်အတူ တစ်သားတည်းရပ်တည်လျက် ပြတ်သားစွာ ဝန်းရံထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာ အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ–အိန္ဒိယချစ်ကြည်ရေးအသင်း (MIFA)**

# ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၆၊ ဇန်နဝါရီလ (၂၀) ရက်

ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ) သို့သွားရောက်ကာ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ/မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

# သဘောထားထုတ်ပြန်ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း**
**အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်၊ (၁၃၈၇)ခုနှစ် တပို့တွဲလဆန်း (၆)ရက်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ရန်ကုန်တိုင်းဒေသကြီး)အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ)သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏ ရိုးသားမှုမရှိ/မဟုတ်မမှန်သော စွပ်စွဲချက်များကို မြန်မာနိုင်ငံမှ မကျူးလွန်ကြောင်း ဥပဒေနှင့်အညီ ပကတိဖြစ်စဉ်အမှန်တရားကို တိကျပြတ်သားသည့် ဖြေရှင်းချက်များနှင့်အတူ နိုင်ငံတကာအလယ်၌ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံး၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာကို ကာကွယ်ဖြေရှင်းဆောင်ရွက်နေမှုအပေါ် အပြည့်အဝ ကြိုဆိုထောက်ခံအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အမှန်တရား/တရားမျှတမှု၊ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း**



**ရန်ကုန်းတိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ရွေးကောက်ပွဲအပိုင်း(၃)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံအဖြစ်အသုံးပြုမည့် စာသင်ကျောင်းများနှင့် အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအသိပညာပေးခြင်းနှင့် လိုက်လံကွင်းဆင်းစစ်ဆေးခြင်းများကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ကြစဉ်။** သက်လွင်စိုး(ပြန်/ဆက်)

# စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို အာဟာရပြည့်ဝသည့်အစာအဖြစ်ပြုပြင်ကျွေးမွေး၍ တစ်နိုင်တစ်ပိုင် မွေးမြူထုတ်လုပ်ရေးမြှင့်တင်ခြင်းစီမံကိန်းမိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅) ဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးတောင်သူအခြေပြု စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို စားမြုံ့ပြန်သတ္တဝါ(ဒေသနွား၊ သိုး၊ ဆိတ်)များအတွက် အာဟာရပြည့်ဝသည့်အစာအဖြစ် ပြုပြင်ကျွေးမွေး၍ တစ်နိုင်တစ်ပိုင် မွေးမြူထုတ်လုပ်ရေးကို မြှင့်တင်ခြင်းစီမံကိန်းမိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲနှင့် နည်းပညာဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မင်္ဂလာသီရိဟိုတယ် Grand Ballroom ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တိရစ္ဆာန်မွေးမြူရေး အောင်မြင်စေရန်နှင့် ရေရှည်တည်တံ့စေရန် မွေးမြူသူများအတွက် ကုန်ကျစရိတ်သက်သာမည့် တိရစ္ဆာန်အစာများ စဉ်ဆက်မပြတ်ရရှိနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပေါများစွာထွက်ရှိသည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ကောက်ရိုး၊ ပြောင်းရိုးနှင့်ကောက်ပဲသီးနှံဘေးထွက်ပစ္စည်းများကို အာဟာရတန်ဖိုးမြင့်မားပြီး တိရစ္ဆာန်အစာအဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်အောင်ပြုပြင်၍ စားမြုံ့ပြန်သတ္တဝါများအတွက် အစာကြမ်းရှားပါးချိန်၌ အသုံးပြုနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သော အစာကြမ်းရရှိရန် စားကျက်ပင်စိုက်ပျိုးခြင်း နည်းပညာများလည်း လိုအပ်လျက်ရှိကြောင်း။

**ကြိုးစားဆောင်ရွက်**

ယခုစီမံကိန်းအနေဖြင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို စီးပွားဖြစ်တန်ဖိုးရှိသော တိရစ္ဆာန်အစာအဖြစ် ပြောင်းလဲခြင်းဖြင့် ဒေသတွင်းရှိ သဘာဝအရင်းအမြစ်များ၏ ထိရောက်သော အသုံးချမှုကို မြှင့်တင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအကြား ဆက်နွယ်မှုကို အားကောင်းစေပြီး ကျေးလက်မွေးမြူတောင်သူများ၏ ဝင်ငွေအရင်းအမြစ်ကို တိုးပွားစေကာ စီးပွားရေးတည်မြဲမှုကို မြှင့်တင်ရန်၊ နည်းပညာအခြေပြု ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော မွေးမြူရေးနည်းစနစ်များကို ဖြန့်ဝေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်မှုအပေါ် စီမံကိန်းတွင် ပူးပေါင်းပါဝင်ကြမည့်သူများအားလုံးက မျှော်မှန်းရလဒ်များ ပြည့်မီအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူက စီမံကိန်းဆောင်ရွက်ရခြင်းနှင့် စီမံကိန်းလုပ်ငန်းအစီအစဉ်ကို ရှင်းလင်းတင်ပြကြကာ စီမံကိန်းကျေးရွာများမှ ကိုယ်စားလှယ်များအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသောစားမြုံ့ပြန် တိရစ္ဆာန်မွေးမြူရေးနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ၊ စီမံကိန်းဝင်ဒေသမှ မွေးမြူရေးလုပ်ကိုင်နေသော သင်တန်းသားများနှင့်အတူ ခင်းကျင်းပြသထားသော ပိုစတာစာစောင်များ၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းသုံး တိရစ္ဆာန်အစာထုတ်ကုန်များကို ကြည့်ရှုကြသည်။

ယခုစီမံကိန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စု ကြိုပင်ရွာ၊ သပြေပင်ရွာနှင့် ရှားစီးဖိုကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူသူတောင်သူများအတွက် မိမိတို့ပတ်ဝန်းကျင်မှရရှိသော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို အရည်အသွေးကောင်းမွန်သော အစာကြမ်းအဖြစ် ပြုပြင်နည်းများ၊ ဖြည့်စွက်စာပြုလုပ်ကျွေးမွေးနည်းပညာများကို မွေးမြူရေးတောင်သူများသို့ ဖြန့်ဝေပေးပြီး လက်တွေ့လုပ်ဆောင်ကျွေးမွေးစေကာ မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် စားမြုံ့ပြန်သတ္တဝါမွေးမြူရေးတွင် အဓိကကျသော အရည်အသွေးကောင်းမွန်သည့် အစာကြမ်းရရှိအောင် ပြုပြင်နည်းလမ်းများကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မုံရွာပညာရေးဒီဂရီကောလိပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ပဥ္စဗလဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာပညာရေးဒီဂရီကောလိပ်ပထမနှစ် (ပထမနှစ်ဝက်) ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက မောင်သစ်လွင်၊ မယ်သစ်လွင်တို့ကို စလွယ်နှင့် သရဖူပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က တေးသီချင်းများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ခိုလမ်မြို့ရှိ ကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲပိုင်းက ယခင် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)သို့ ရောက်ရှိပြီး ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်ကို နေရာပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ်၊ ကျိုင်းတုံပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးမှူး၊ တာဝန်ရှိသူတို့နှင့် တွေ့ဆုံ၍ ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်ကို ကျိုင်းတုံ တက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ်နေရကြောင်း၊ ထို့ကြောင့် Polytechnic University (ကျိုင်းတုံ)သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားသဖြင့် လစ်လပ်နေသော ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် လေ့လာစီစဉ်ဆောင်ရွက်သွားရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်သုံးထပ်ပင်မဆောင်၊ ဖူဆယ်ဘောလုံးကွင်း၊ အားကစားရုံ၊ ဆရာ ဆရာမများအဆောင်၊ ကျောင်းသား ကျောင်းသူ ၈၀ ဆံ့ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုကာ ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်မှ ရွှေ့ပြောင်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ သင်ကြားရေး၊ နေထိုင်ရေး အဆင်ပြေစေရန် လိုအပ်သည့် အဆောင်များအတွက် အကွက်ချပုံစံရေးဆွဲနိုင်ရေးကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျိုင်းတုံတက္ကသိုလ်သို့ ရောက်ရှိကာ ဘွဲ့နှင်းသဘင်ခန်းမတွင် ဆရာ ဆရာမများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးကာ တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျိုင်းတုံတက္ကသိုလ် စာကြည့်တိုက်နှင့် ကျိုင်းတုံပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိလေ့လာပြီး ကျိုင်းတုံတက္ကသိုလ် ဘောလုံးကွင်းနှင့် အားကစားရုံတို့ကို စစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် ခိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီးအား လိုအပ်သည်များ မေးမြန်းကာ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ရွှေစည်းခုံကောင်းမှုလျှံပြည်ငြိမ်းအေး စေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို
ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နည်းပညာတက္ကသိုလ်(သန်လျင်)ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဧည့်ပါမောက္ခအဖြစ် လာရောက်သင်ကြားပေးနေသော စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားအရာရှိကြီးများနှင့်အတူ ယနေ့တွင် နည်းပညာတက္ကသိုလ်(သန်လျင်)သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု တိုးတက်လာစေရေးတွင် အင်ဂျင်နီယာများသည် ဦးဆောင်ဦးရွက်ပြုရမည့်သူများဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ခြင်း၊ ဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်များ တည်ဆောက်ပြုပြင်ခြင်း၊ ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရေးအတွက် ရေနံချက်စက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအကျဆုံးဖြစ်သဖြင့် မျိုးဆက်သစ်အင်ဂျင်နီယာများ စိတ်ပါဝင်စား၍ လိုက်ပါဆောင်ရွက်လာစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်စေရန်အတွက် အားပေးအားမြှောက်ပြုလျက်ရှိပါကြောင်း။

စွမ်းအင်ဆိုင်ရာကျွမ်းကျင်မှု သင်တန်းကျောင်းကိုလည်း မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ပညာရပ်များ၊ သင်တန်းများလည်း စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့သင်ကြားလျက်ရှိသည့် ဘာသာရပ်များအလိုက် ထူးချွန်ထက်မြက်အောင် ကြိုးစားကြစေလိုကြောင်းနှင့် နိုင်ငံတော်ကိုအကျိုးပြုနိုင်သည့် အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ ဖြစ်ကြပါစေကြောင်း ပြောကြားပြီး နည်းပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများကို စာကြည့်တိုက်၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ကာ ပါမောက္ခချုပ်နှင့် ဧည့်ပါမောက္ခများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေနံအင်ဂျင်နီယာဌာနရှိ စာကြည့်တိုက်၊ ဓာတ်ခွဲခန်းနှင့် ဓာတုအင်ဂျင်နီယာဌာနရှိ ဓာတ်ခွဲခန်းတို့ကို သွားရောက်လေ့လာကြည့်ရှု၍ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်ရှိ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သို့ရောက်ရှိရာ အထွေထွေမန်နေဂျာက ဘဏ္ဍာရေးနှစ်အလိုက် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရေယာဉ်နှင့် ရေလုံသင်္ဘောကျင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ဝန်ထမ်းအိမ်ရာများတွင် ပြုပြင်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံနှုန်းများပြည့်မီစေရေး၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်၊ စခန်းလုံခြုံရေးနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသပ်ရပ်ရေး၊ ဝန်ထမ်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးမှာကြားပြီး ကမ်းလွန်ရေနံအခြေစိုက်စခန်း (သာကေတ)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုံရွာစီးပွားရေးတက္ကသိုလ်၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၂**



မုံရွာစီးပွားရေးတက္ကသိုလ်၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက အဆိုပါတက္ကသိုလ်၏ ငွေရတုခန်းမပင်မဆောင်၌ ကျင်းပသည်။

ဦးစွာ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နီလာမြင့်ထူးက အမှာစကားပြောကြားပြီး ဘောဂဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ သဉ္ဇာဝင်းက လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) နှင့် ပတ်သက်၍ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မုံရွာစီးပွားရေးတက္ကသိုလ် စတုတ္ထနှစ် ဝါဏိဇ္ဇဗေဒအထူးပြု ကျောင်းသား မောင်စွမ်းထက်အောင်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆)နှင့် ပတ်သက်၍ ယဉ်ကျေးမှုနှင့် အားကစားပေါင်းဖက်ပေး ရေရှည်ငြိမ်းချမ်းရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တတိယနှစ်ဂုဏ်ထူးတန်း ဘောဂဗေဒ အထူးပြုကျောင်းသူ မဆုပြည့်တိုးက (A Public – Private Partnership Pilot Project) ခေါင်းစဉ်ဖြင့်လည်းကောင်း အတွေ့အကြုံများကို ထပ်ဆင့် ရှင်းလင်းပြောကြားကြပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) ကြေညာစာတမ်းကို ဖတ်ကြား၍ မုံရွာစီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်နှင့် တက်ရောက်လာသော တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပုသိမ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၂**

ပုသိမ်တက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပုသိမ်တက္ကသိုလ် ဘောလုံးကွင်း၌ ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

အမျိုးသားပွဲစဉ် ဗိုလ်လုပွဲတွင် ဘူမိဗေဒအသင်းနှင့် ရူပဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရူပဗေဒအသင်းက အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား/စီမံအရာရှိကြီးတို့က အကောင်းဆုံးအားကစားသမားဆုများနှင့် ဆုရရှိသည့်အသင်းများအား ဆုတံဆိပ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သာပေါင်းမြို့နယ်၌ အင်းချောင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၁၁၅၀၀၀ ငါးမျိုးစိုက်ထည့်

**သာပေါင်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က အုပ်ရှစ်ကျေးရွာအုပ်စု ငှက်ပေါက်အင်းအတွင်း အုပ်ရှစ်ချောင်း ရေပြင်ကျယ်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့်ဌာနဆိုင်ရာတို့က အင်းလုပ်သားကြီးများလက်ဝယ်သို့ ငါးမျိုးစိတ်များ လွှဲပြောင်းပေးအပ်ကြပြီး အုပ်ရှစ်ကျေးရွာအုပ်စု ငှက်ပေါက်အင်းအတွင်း အုပ်ရှစ်ချောင်းရေပြင်သို့ ငါးမြစ်ချင်းနှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၁၅၀၀၀ တို့အား စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **သာပေါင်း(ပြန်/ဆက်)**

## အောင်လံမြို့၌ ရပ်ကွက်များတွင် မီးဘေးကာကွယ်ရေး လှည့်လည်ဆော်ဩ

**အောင်လံ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ပေါ် ရပ်ကွက်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိမူရေး လှည့်လည်ဆော်ဩခြင်းကို ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးထက်နိုင်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လူနေအိမ်များတွင် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေရေး လှည့်လည်သတိပေးဆော်ဩခဲ့ကြောင်း သိရသည်။ **ကိုခန့်**



(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သွေးချင်းတို့ရဲ့ သစ္စာပန်းတိုင်နှင့် ခေတ်မီဖွံ့ဖြိုးသော အနာဂတ်ဆီသို့ ...

လွန်းပိုးအိမ်

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ရုပ်ဝတ္ထုပစ္စည်းများ ပြည့်စုံမှုထက် တိုင်းရင်းသားသွေးချင်းညီအစ်ကိုများအကြား ထားရှိသည့် ခိုင်မာသော သစ္စာတရားနှင့် အပြန်အလှန် ယုံကြည်မှုသည်သာ အခြေခံအကျဆုံးနှင့် တန်ဖိုးအရှိဆုံး အုတ်မြစ်ဖြစ်ပါသည်။ မိမိတို့မျှော်မှန်းသည့် အနာဂတ်ပန်းတိုင်သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း၏ အင်အားဖြင့်မဟုတ်ဘဲ စုပေါင်းသစ္စာပြုထားသည့် ညီညွတ်ခြင်းအင်အားဖြင့်သာ ပုံဖော်ရမည်ဖြစ်ပြီး ထိုအင်အားသည်ပင် နိုင်ငံတော်ကို အေးချမ်းသာယာသော လမ်းပြမြေပုံထက်သို့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။**



အမှန်စင်စစ် ဤသစ္စာတရားသည် ယနေ့မှ အသစ်တစ်ဖန် မွေးဖွားလာခြင်းမဟုတ်ဘဲ လွန်ခဲ့သော (၇၉)နှစ်ခန့်က ပင်လုံမြေတွင် တိုင်းရင်းသား ညီအစ်ကိုများ စုပေါင်းပြီး ရေးထိုးခဲ့သည့် ကတိကဝတ်မှာ သမိုင်းမှတ်တမ်းတစ်ခုထက်မက နှလုံးသားထဲတွင် ယနေ့တိုင် ရှင်သန်နေဆဲဖြစ်သော အနှစ်သာရပင် ဖြစ်ပါသည်။

ထိုစဉ်က ပြသခဲ့သော စည်းလုံးညီညွတ်မှု စိတ်ဓာတ်သည် မြေပြန့်တောင်ပေါ် မခွဲခြားဘဲ မိမိတို့၏ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးလိုသည့် ပြင်းပြသောဆန္ဒမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးအပေါ်တွင် ထားရှိသည့် သစ္စာတရား၊ အတူတကွ လက်တွဲရုန်းထွက်လိုသည့် ကြိုးစားအားထုတ်မှုများနှင့် စုပေါင်းအင်အားတို့သည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် ဂုဏ်သိက္ခာအတွက် အုတ်မြစ်ဖြစ်ခဲ့ပါသည်။ ယနေ့အချိန်တွင် ထိုအုတ်မြစ်ကို အခြေခံပြီး ပိုမိုခိုင်မာကာ ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် မိမိတို့၏ နှလုံးသားထဲတွင် ပင်လုံစိတ်ဓာတ်ကို အသစ်တစ်ဖန် ပြန်လည်နိုးထစေရမည်ဖြစ်ပါသည်။

**ပင်လုံစိတ်ဓာတ်မှသည်
နိုင်ငံတော်တည်ဆောက်ရေးဆီသို့**

လွန်ခဲ့သော (၇၉)နှစ်က ဘိုးဘွားများလက်မှတ်ရေးထိုးခဲ့ကြသည်မှာ စက္ကူစာရွက်ပေါ်တွင် စာသားများ ရေးထိုးခဲ့ခြင်းမဟုတ်ဘဲ ယုံကြည်မှုနှင့် အနာဂတ်ကို ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က ခေါင်းဆောင်များသည် ကိုယ့်အကျိုးထက် နိုင်ငံ့အကျိုးကို ရှေ့တန်းတင်ကာ ခက်ခဲလှသည့် အတားအဆီးများကို စည်းလုံးမှုဖြင့် ကျော်ဖြတ်ခဲ့ကြသည်။ ယနေ့ခေတ် မျိုးဆက်သစ်များအနေဖြင့် ထိုအားမာန်များကို အတုယူကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးလာစေရန် စုပေါင်းအားဖြင့် ပြန်လည်တည်ဆောက်ကြရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

**ခေတ်နှင့်အညီ ပြောင်းလဲရမည့်အမြင်သစ်**

ယနေ့ကမ္ဘာကြီးသည် စတုတ္ထမြောက် စက်မှုတော်လှန်ရေးနှင့်အတူ ဒစ်ဂျစ်တယ်နည်းပညာ၊ အသိပညာနှင့် စီးပွားရေးကဏ္ဍများတွင် မကြုံစဖူးသော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေပါသည်။ နိုင်ငံတကာသည် သိပ္ပံနှင့်နည်းပညာ၏ အကျိုးကျေးဇူးကို ခံစားပြီး လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးမှုကို အဓိကထား၍ အောင်မြင်မှုပန်းတိုင်များဆီသို့ လှမ်းတက်နေကြပြီဖြစ်သည်။ တိုင်းရင်းသားသွေးချင်းများအနေဖြင့်လည်း ယခင်ကထက် ပိုမိုတက်ကြွသောစိတ်ဓာတ်ဖြင့် ဤပြိုင်ပွဲတွင် ပါဝင်ကြရပါမည်။ (၇၉)နှစ်တိုင်တိုင် ထိန်းသိမ်းလာခဲ့သော စည်းလုံးညီညွတ်မှုသည် ယခုအခါတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရုံသာမကဘဲ ခေတ်မီပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသောတိုးတက်မှုကို ဖော်ဆောင်ရမည် ဖြစ်ပါသည်။

**လုပ်ဆောင်ရမည့် ကြိုးစားအားထုတ်မှုများ**

နိုင်ငံတစ်နိုင်ငံ တိုးတက်အောင်မြင်ရန်အတွက် စိတ်ကူးယဉ်ရုံဖြင့် မလုံလောက်ဘဲ စနစ်တကျရှိသော ကြိုးစားအားထုတ်မှုများ လိုအပ်ပါသည်။ သွေးချင်းညီနောင်များသည် တောင်ပေါ်မြေပြန့်အနှံ့တွင်ရှိနေသော သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို စုစည်းပြီး အကောင်းဆုံး အသုံးချတတ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် လူငယ်မျိုးဆက်သစ်များအတွက် ဖန်တီးမှုအားကောင်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း၊ အသိပညာဗဟုသုတများ ဖလှယ်ခြင်းနှင့် ဒေသအသီးသီး၏ အားသာချက်များကို ချိတ်ဆက်ပြီး စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ခြင်းသည် နိုင်ငံတော်တိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။ တိုးတက်နေသော နိုင်ငံတကာ၏ ခြေလှမ်းများကိုလေ့လာပြီး ကိုယ်ပိုင်ဟန်ဖြင့် ပိုမိုမြန်ဆန်သော ခုန်ပျံကျော်လွှားမှုများကို ဖန်တီးကြရပါမည်။

**သစ္စာတရားနှင့် ညီညွတ်ခြင်း၏ အသီးအပွင့်**

သွေးချင်းတို့၏ သစ္စာပန်းနှင့် ပွင့်လန်းစေသူများဟူသည်မှာ အပြန်အလှန်ယုံကြည်မှုကို တန်ဖိုးထားသူများဖြစ်ကြပါသည်။ သစ္စာတရားသည် နိုင်ငံတော်အပေါ်ထားရှိသော သစ္စာဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးအပေါ်ထားရှိသော ကတိကဝတ်လည်းဖြစ်ပါသည်။ ဘိုးဘွားများထားရှိခဲ့သည့် စည်းလုံးခြင်းအမွေကို ပိုမိုလှပသောပန်းတိုင်များဖြင့် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ညီညွတ်မှုရှိလျှင် မကျော်လွှားနိုင်သော အခက်အခဲဟူသည် မရှိကြောင်း သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သကဲ့သို့ ယခုအခါတွင်လည်း ထိုညီညွတ်မှုဖြင့်ပင် ဆင်းရဲမွဲတေမှု၊ နောက်ကျကျန်မှုနှင့် သဘောထားကွဲလွဲမှုများကို တိုက်ဖျက်ကာ သာယာဝပြောသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရပါမည်။

**နည်းပညာနှင့် အသိပညာခေတ်၏
စိန်ခေါ်မှုများကို ရင်ဆိုင်ခြင်း**

မျက်မှောက်ကာလ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော နည်းပညာတော်လှန်ရေးသည် သွေးချင်းများအတွက် စိန်ခေါ်မှုဖြစ်သကဲ့သို့ အခွင့်အလမ်းကြီးတစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုနည်းပညာများက လူနေမှုဘဝကို ပြောင်းလဲပေးနေချိန်၌ တိုင်းရင်းသားလူငယ်များအနေဖြင့် ခေတ်မီအတတ်ပညာရပ်များကို လက်လှမ်းမီနိုင်ရန် လူသားအရင်းအမြစ်များကို မြှင့်တင်ပေးခြင်း၊ တီထွင်ဖန်တီးမှုရှိသော ပညာရေးစနစ်ကို အားပေးခြင်းနှင့် ကမ္ဘာ့အဆင့်မြင့်နည်းပညာများကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပေါင်းစပ်အသုံးချခြင်းတို့သည် နိုင်ငံကို နောက်ကျကျန်နေမှုဘဝမှ ရုန်းထွက်စေမည့် အင်ဂျင်စက်များပင် ဖြစ်ပါသည်။

**ဒေသအသီးသီး၏ အားသာချက်များကို
ပေါင်းစပ်ထုတ်လုပ်ခြင်း**

နိုင်ငံ၏တည်နေရာနှင့် သဘာဝပတ်ဝန်းကျင်သည် ကမ္ဘာပေါ်တွင် အားကျဖွယ်ကောင်းသော အနေအထားတွင်ရှိနေပါသည်။ တောင်ပေါ်ဒေသ၏ သယံဇာတနှင့် အေးမြသောရာသီဥတု၊ မြေပြန့်ဒေသ၏ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးအချက်အချာကျမှုတို့ကို စနစ်တကျ ချိတ်ဆက်နိုင်မည်ဆိုပါက တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။ သွေးချင်းညီနောင်များကြား စီးပွားရေးအရ အပြန်အလှန် အမှီသဟဲပြုမှုများကို ခိုင်မာအောင်တည်ဆောက်ပြီး ဒေသထွက်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်သည်အထိ ကြိုးစားအားထုတ်ကြရပါမည်။ ဤသို့သော စီးပွားရေးဆိုင်ရာ စည်းလုံးညီညွတ်မှုသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် တိုးတက်မှုကို အာမခံနိုင်မည်ဖြစ်ပါသည်။

**စည်းလုံးညီညွတ်မှု၏ ပြယုဂ်ဖြစ်သော
လူမှုစီးပွားဘဝ မြှင့်တင်ရေး**

(၇၉)နှစ်တာ ကာလပတ်လုံး ထိန်းသိမ်းခဲ့သော ညီညွတ်ခြင်းစိတ်ဓာတ်သည် ယခုအခါတွင် လက်တွေ့ကျသောညီညွတ်ခြင်းနှင့် လူမှုစီးပွားဘဝ တိုးတက်မှုအဖြစ် အသွင်ပြောင်းရန် လိုအပ်နေပြီဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှုနှင့် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံလိုအပ်ချက်များကို သွေးချင်းညီနောင်များအားလုံး တန်းတူညီမျှခံစားနိုင်ရန်အတွက် အတူတကွ ရုန်းကန်ကြရပါမည်။ တစ်ဦး၏ အောင်မြင်မှုကို တစ်ဦးက ဝမ်းမြောက်စွာ ထောက်ခံအားပေးပြီး အခက်အခဲရှိသော ဒေသများကိုလည်း ဝိုင်းဝန်းကူညီသည့် မိသားစုစိတ်ဓာတ်ကို လက်တွေ့ဖော်ဆောင်ခြင်းဖြင့် ခိုင်မာသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၁ သို့ ☆**

> **“ သွေးချင်းတို့၏ သစ္စာပန်းနှင့် ပွင့်လန်းစေသူများဟူသည်မှာ အပြန်အလှန်ယုံကြည်မှုကို တန်ဖိုးထားသူများ ဖြစ်ကြပါသည်။ သစ္စာတရားသည် နိုင်ငံတော်အပေါ်ထားရှိသော သစ္စာဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးအပေါ်ထားရှိသော ကတိကဝတ်လည်းဖြစ်ပါသည်။ ဘိုးဘွားများထားရှိခဲ့သည့် စည်းလုံးခြင်းအမွေကို ပိုမိုလှပသောပန်းတိုင်များဖြင့် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ညီညွတ်မှုရှိလျှင် မကျော်လွှားနိုင်သော အခက်အခဲဟူသည်မရှိကြောင်း သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သကဲ့သို့ ယခုအခါတွင်လည်း ထိုညီညွတ်မှုဖြင့်ပင် ဆင်းရဲမွဲတေမှု၊ နောက်ကျကျန်မှုနှင့် သဘောထား ကွဲလွဲမှုများကိုတိုက်ဖျက်ကာ သာယာဝပြောသော လူ့အဖွဲ့အစည်းကိုတည်ဆောက် ”**

# ငပုတောမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို One Stop Service ဖြင့် ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ငပုတောမြို့နယ် ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မလျှောက်ထားသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးမှုကြောင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ဝန်ထမ်းများက နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသည့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ကာ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်သည်။

ယင်းနောက် မြို့နယ်ရုံး၏ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ ငပုတောမြို့နယ်အနေဖြင့် အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပမည့်မြို့နယ်ဖြစ်သည်နှင့်အညီ မြို့နယ်အတွင်း မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံကာ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့် နိုင်ငံသားကတ်ပြား ပျောက်ဆုံး/ ပျက်စီးမှုရှိပါက သက်ဆိုင်ရာလဝကရုံးသို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများကို တစ်ဦးချင်းလိုက်လံဝေငှပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အတွက် ဆိုလာမီးများနှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၂**

စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ် ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဝက်ပါကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အနုပညာရှင်များ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများနှင့် ပင့်သံဃာများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်တွေမြို့တည် နှစ် (၂၀၀) ပြည့် အထိမ်းအမှတ် ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် သာဂီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့က စစ်တွေမြို့တည် နှစ်(၂၀၀) ပြည့် အထိမ်းအမှတ် "ပိုဒ်စုံရတု"ဖြင့် သီဆိုကာ ရခိုင်မင်္ဂလာစည်တော်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး အနုပညာရှင်များက "ငါရို့ချစ်တယ် မြို့စစ်တွေ" သီချင်းဖြင့်လည်းကောင်း ၊ သာဂီမဏ္ဍိုင် ရခိုင်ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့က "စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်တွေမြို့တည် နှစ်(၂၀၀) ပြည့် အထိမ်းအမှတ် အမျိုးသားအလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး အလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း၊ တိုင်းမှူးက အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သာဂီမဏ္ဍိုင် ရခိုင်ရိုးရာ ယဉ်ကျေးမှု ဖော်ထုတ်ရေးအဖွဲ့က ရခိုင်ရိုးရာအိုးစည်ယိမ်းအကဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနား အပြီးတွင် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်(၂၀၀) ပြည့် အထိမ်းအမှတ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ပြခန်းနှင့် ရှေးဟောင်းအမှတ်တရနှင့် ကဗျာ၊ ကာတွန်းပြခန်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနပြခန်း၊ ပန်းချီအနုပညာပြခန်း၊ အမှတ်တရပစ္စည်း အရောင်းပြခန်းတို့အား လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်သည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ပေါင်မြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ပေါင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအေးမင်းက အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက ကျေးရွာများတွင် သမဝါယမအသင်းသစ်များ ဖွဲ့စည်း၍ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသည့် အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# ဘားအံမြို့၌ မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေး ဟောပြော

**ဘားအံ ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့၌ မီးခိုးမြူငွေ့ဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးနှင့် လျှော့ချနိုင်ရေးအတွက် မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဟောပြောပွဲကို ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက Hotspots လျှော့ချရေး စုပေါင်းဆောင်ရွက်ပေး၊ ခရိုင်သစ်တောဦးစီးဌာနက တောမီးကာကွယ်ရေးအကြောင်း၊ ခရိုင် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် အကြောင်းနှင့် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနက လယ်ယာကဏ္ဍဆိုင်ရာ မီးခိုးမြူငွေ့အကြောင်းတို့ကို အသိပညာပေးဟောပြောရာ ဇာသပြင်ကျေးရွာနေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့မှ အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ်နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ကျည် ၁၇ တောင့်၊ M-4 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခုနှင့် ကျည် ၁၀ တောင့်တို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၄၈၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၈၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး Mr. Wang Tian Wei နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ရပ်စောက်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများကြည့်ရှု

**တောင်ကြီး ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက ရောင်ခြည်ဦး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းနှင့် ပင်ဖြစ်ကျေးရွာရှိ ရွှေဝါဝင်း မျိုးစေ့ထုတ်သမဝါယမအသင်းတို့မှ ဆောင်းသီးနှံစိုက်ပျိုးဆောင်ရွက်ထားရှိသည့် အခြေအနေနှင့် ရပ်စောက်မြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်လျက်ရှိသည့် စွမ်းထက်သဘာဝမြေဩဇာထုတ်လုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုခြင်းစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်ပြီး ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ သမဝါယမကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်တန့်ရောင်စီမံကိန်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ပေးအပ်ခြင်းနှင့် (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




လွိုင်ကော် ဇန်နဝါရီ ၂၂

ကယားပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ကိုယ်ကျိုးမဖက်ဘဲ မိမိတို့ကျရာကဏ္ဍတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေးကဏ္ဍများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနပြခန်း၊ ဒုတိယဆုရရှိသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပြခန်းနှင့် တတိယဆုရရှိသည့် မီးသတ်ဦးစီးဌာနပြခန်းများအားလည်းကောင်း၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စတုတ္ထဆု၊ ပဉ္စမဆုနှင့် အထူးဆုရရှိခဲ့ကြသည့် ပြခန်းများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ၄၉ ဦး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာထူးချွန်ဆု ၂၅ ဦး၊ လူမှုရေးဆိုင်ရာထူးချွန်ဆု လေးဦး၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆုသုံးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိသူလေးဦးနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူ ၇၆ ဦး၊ ဆီးဂိမ်းဆုရအားကစားသမား လေးဦး စုစုပေါင်း ၁၆၅ ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သာကေတမြို့နယ်၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဟောပြောပွဲနှင့် သွားနှင့် ခံတွင်းရောဂါစစ်ဆေးကုသပေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၏ ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီက သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပါမောက္ခများက ဘာသာရပ်အလိုက် ဟောပြောကြရာ သာကေတမြို့နယ်အတွင်းရှိတက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဆောင်ရွက်မည့် သာကေတမြို့နယ်ရှိ ပြည်သူများအား သွားနှင့် ခံတွင်းရောဂါစစ်ဆေးကုသပေးခြင်း ဆောင်ရွက်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးဌာနအထူးကုဆေးရုံ(သာကေတ) သို့ သွားရောက်ပြီး



သွားနှင့် ခံတွင်းရောဂါကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပဲခူးမြို့နယ်၌ ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများ စိုက်ပျိုးနေမှု ကွင်းဆင်းကြည့်ရှု



ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက မယင်းကျေးရွာ မယင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ အသင်းသား ဦးအောင်ကိုမင်း စိုက်ပျိုးသောလယ်မြေ ၁၀ ဧက၌ ရေဆင်းပေါ်ဆန်း(၂) မျိုးစပါးကို အစေ့ချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါမျိုးစပါးစိုက်ပျိုးခြင်းကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေး၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများ၊ နွေစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူများ တက်ရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဝေါမြို့နယ် ကေရာဇ်ကျေးရွာ ကေရာဇ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ အသင်းသား ဦးကျင်သန်း၏ လယ်မြေတွင် ရေဆင်းပေါ်ဆန်း (၂) မျိုးစပါးစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဝမြို့နယ်၌ မကူးစက်တတ်သောရောဂါများ ရှာဖွေစစ်ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ကဝ ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မကူးစက်တတ်သောရောဂါများ ရှာဖွေစစ်ဆေးကုသပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက နိဗ္ဗာန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ဦးဆောင်၍ ကျေးလက်ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက နိဗ္ဗာန်ကျေးလက်ကျန်းမာရေးဌာနတွင် အသက် ၄၀ နှစ်အထက် ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချိုတိုင်းခြင်း၊ မကူးစက်သော သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများဖြစ်ပွားသော ကျေးလက်နေပြည်သူများအား အပတ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူ၊ အနေအထိုင်၊ အစားအသောက်များ စားသောက်တတ်စေရန် ကျန်းမာရေးပညာပေး ပိုစတာများအသုံးပြု၍ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ သရုပ်ပြသင်ကြားပေးခြင်းနှင့် ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

# မိုင်းရှူးမြို့၌ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

မိုင်းရှူး ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းက ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းများ၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ Relief International အဖွဲ့ဝင်နှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်းနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**သန်းလူ(ပြန်/ဆက်)**

**✪ ကျောဖုံးမှ**

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲဖြိုးသန့်၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပါဒပူဇနိယပွဲတော်ဖွင့်ပွဲအထိမ်းအမှတ်မင်္ဂလာမုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး နေပြည်တော် လယ်ဝေးမြို့နယ် နဂါးဖြူစေတီကျောင်းတော်၊ နဂါးတစ်ထောင် စမတောင် ဆရာတော်နှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်တို့က မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ဓိဝိတဒါနအဖြစ် နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမကြီး အကောင်ရေ တစ်သိန်းအား ရွှေစက်တော် မန်းချောင်းအတွင်း ငါးလွှတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ စကုမြို့ မဟာဓမ္မိကာရာမစာသင်တိုက်ဆရာတော် အမှူးပြုသော ပင့်သံဃာ ဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်စက်တော်ရာ(ခြေတော်ရာ) အလင်းပေါက်ဖန်ဦးသျှောင်တော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အထက်စက်တော်ရာ ပါဒစေတီတော်မြတ် သံတံခါးအား ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် နမ္မဒါရေစင်နှင့် အမွှေးနံ့သာရည်များ သွန်းဖျန်း၍ ရွှေသင်္ကန်းများကပ်လှူပူဇော်ကာ ပင့်ဖိတ်ထားသောဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓပါဒစေတီတော်(ခြေတော်ရာ)နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင်(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ၈၆ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

**✻ သီပေါမှ**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် စိန်ကြော့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့်နေရာ၏ အနောက်မြောက်ဘက် နှစ်ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများ ဖြစ်သော "၁၈၈၈"အမှတ်တံဆိပ်ပါ ထုပ်ပိုးခွံပစ္စည်းများ ထည့်ထားသည့်ဂိုဒေါင် သုံးလုံး၊ ဖန်ပေါင်းအိုး ၁၅ လုံး၊ အခြောက်ခံဗန်း ၂၄ ခုထားရှိသည့်တဲ တစ်လုံး၊ လူနေတဲ ရှစ်လုံး၊ အပေါင်းခံစက် ခုနစ်လုံး ထည့်ထားသည့်တဲ တစ်လုံး၊ (စိစစ်ဆဲ)ဓာတုပစ္စည်းအိတ် ၅၀၀ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ Caustic Soda ထည့်ထားသည့် ဆာလာအိတ် ၁၀၃ အိတ်နှင့် ဆိုဒီယမ်ဆာလဖိတ် ထည့်ထားသည့် ဆာလာအိတ် ၂၀၀ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ ကျောက်ချဉ်အိတ် ၁၈ အိတ်၊ မီးသွေးအမှုန့်အိတ် ၂၈ အိတ်၊ ဂက်စ်အိုး ၄၆၉ လုံး၊ ရေခဲသေတ္တာ သုံးလုံး၊ စားချက်ဆောင် တစ်လုံး၊ လျှပ်စစ်မီးဖို ကိုးလုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် စက် နှစ်လုံးတို့ကို လည်းကောင်း။

ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၊ ဇန်နဝါရီ ၁၁ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် ခုနစ်ကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် လူနေတဲ ၁၇ လုံး၊ ဂိုဒေါင် ရှစ်လုံး၊ မူးယစ်ဆေးဝါးချက်လုပ်သည့်တဲ လေးလုံး၊ မီးစက်အကြီး နှစ်လုံး၊ အက်စစ်အပါ(ပလတ်စတစ်)ပီပါ အပြာ ၅၄ လုံး၊ ပလတ်စတစ်ပီပါ အပြာအခွံ အလုံး ၁၉၀၊ သံပီပါ အခွံ ၇၆ လုံး၊ အဖြူရောင်ငါးဂါလန် ပုံး(အက်စစ်အပါ) ၇၅ လုံး၊ Caustic Soda ဆာလာအိတ် ၆၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် စတီးပေါင်းအိုး တစ်လုံး၊ ဖန်ပေါင်းအိုးအသေး ၃၉ လုံးတို့အား လည်းကောင်း၊ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်မြောက်ဘက် ခြောက်ကီလိုမီတာခန့်အကွာ၌ ကော်ပီပါ အခွံ ၆၇ လုံး၊ သံပီပါအခွံ ခုနစ်လုံး၊ မီးစက် နှစ်လုံး၊ လူနေတဲ လေးလုံး၊ ကတ်ထူဖာအခွံများ ထည့်ထားသည့် ဂိုဒေါင် တစ်လုံး၊ စားချက်ဆောင်တစ်လုံး၊ ပစ္စည်းတင်စင် (သံဖရိန်) ခြောက်ခု၊ ဂက်စ်အိုး တစ်လုံး၊ သစ်ခွဲသားဆိုဒ်စုံအချောင်း ၅၀ တို့ကို လည်းကောင်း။


ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အရှေ့မြောက်ဘက် ကိုးကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်တဲငါးလုံး၊ ဂိုဒေါင် ငါးလုံး၊ လူနေတဲ ရှစ်လုံး၊ ခြောက်ပေဘွိုင်လာ ငါးလုံး၊ ငါးပေဘွိုင်လာ ငါးလုံး၊ စတီးမွှေစက်လေးလုံး၊ စတီးဗန်းအချပ် ၆၀၊ မူးယစ်ဆေးဝါးချက်ဖန်ပွန် ၁၂၀၊ ဆေးပြားရိုက်စက် လေးလုံး၊ ဂက်စ်အိုးအခွံ အလုံး ၁၂၀၊ ပီပါအပြာအခွံ ၂၅၀၊ သံပီပါအခွံ ၅၀၊ မီးစက်ကြီး နှစ်လုံး၊ ခြောက်ဘီးကားအပြာ နှစ်စီးတို့ကိုလည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်တောင်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၈ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏အရှေ့တောင်ဘက် လေးကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၂၅ ပေ အနံ ၁၅ ပေရှိ မိုးကာလူနေတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေရှိ မိုးကာ စားချက်ဆောင် တစ်လုံး၊ ဘတ်ဟိုးယာဉ် တစ်စီးနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း။

ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် ရှစ်ကီလိုမီတာခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည်ဟု ယူဆရသော အလျား ပေ ၁၈၀၊ အနံ ပေ ၅၀၊ အမြင့် ၂၂ ပေရှိ သွပ်မိုးနှစ်ထပ် အဆောက်အအုံ နှစ်လုံး၊ အလျား ပေ ၁၂၀၊ အနံ ပေ ၆၀၊ အမြင့် ၂၂ ပေရှိဆောက်လုပ်ဆဲ နှစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ သံဖရိန် အထပ်သားကာ အဆောက်အအုံ တစ်လုံးတို့ကိုလည်းကောင်း ထပ်မံဖော်ထုတ်တွေ့ရှိ သိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက် ယနေ့ နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မန်ဖြတ်ကျေးရွာ၏အနောက်မြောက်ဘက် ၁၈ ကီလိုမီတာခန့်အကွာ၊ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်းဆည်းရမိခဲ့သည့် နေရာ၏ အနောက်တောင်ဘက် လေးကီလိုမီတာခန့် အကွာသို့ အရောက်၌ SSA အဖွဲ့များနေထိုင်သည့် အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိသွပ်မိုးအုတ်ကာ လူနေအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၂၅ ပေရှိ သွပ်မိုးအုတ်ကာ စားချက်ဆောင် တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိသွပ်မိုးဝါးကာ လူနေတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ လူနေတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ သွပ်မိုးထရံကာ လူနေတဲ တစ်လုံး၊ မြေစိုက်သစ်လုံးဘန်ကာ နှစ်လုံး၊ အကျယ် သုံးပေ အနက် သုံးပေ၊ အရှည် ပေ ၃၀၀ ရှိ ဆက်သွယ်ရေးမြောင်း၊ ထရံမိုး နှစ်ယောက်အိပ်တဲ နှစ်လုံး၊ ထရံမိုး ငါးယောက်အိပ်တဲ တစ်လုံး၊ အလျား ၂၄ ပေ၊ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာအဆောက်အအုံ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာအဆောက်အအုံ တစ်လုံး၊ အလျား ၂၄ ပေ၊ အနံ ၂၄ ပေရှိ သွပ်မိုးပျဉ်ကာ နှစ်ထပ် အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုး အုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၂၀၊ အနံ ပေ ၂၀ ရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံ တစ်လုံး၊ အလျား ၂၄ ပေ၊ အနံ ၁၅ ပေရှိသွပ်မိုးအုတ်ကာ(ကားဂိုဒေါင်ပါ)အဆောက်အအုံတစ်လုံး၊အလျား ၁၂ ပေ၊အနံ ရှစ်ပေရှိသွပ်မိုးအုတ်ကာ (ရေချိုးခန်း) အဆောက်အအုံ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ငါးပေရှိသွပ်မိုးအုတ်ကာ (နှစ်လုံးတွဲအိမ်သာ)အဆောက်အအုံ တစ်လုံး၊ အလျား ခြောက်ပေ၊ အနံ ခြောက်ပေ ရှိ သွပ်မိုးအုတ်ကာ ကင်းစောင့်တဲ တစ်လုံးတို့ဖြင့် အခိုင်အမာ တည်ဆောက်လျက် မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုအား အနီးကပ်လုံခြုံရေးပေးခဲ့သည်ဟု ယူဆရသည့် SSA လက်နက်ကိုင်အဖွဲ့အစည်း အင်အားစုအချို့ နေထိုင်ခဲ့သည့် စခန်းကြီးတစ်ခုအား ပစ်ခတ်ခုခံမှုမရှိဘဲ ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့် အတူ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဖော်ထုတ်ရှင်းလင်းခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ဇန်နဝါရီ ၂၂ ရက်အထိ အဆိုပါဒေသအတွင်း မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာ ၁၃ နေရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်သည့်နေရာဟု ယူဆရသည့်နေရာ နှစ်နေရာတို့ကို ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့ကာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်း အမြောက်အမြားနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ပြီး အဆိုပါ မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများအနီး တစ်ဝိုက်တွင် SSA အဖွဲ့၏ကာကင်းစခန်းတစ်ခုနှင့် အခိုင်အမာတည်ဆောက်ထားသည့် စခန်းနေရာ တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ် ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန်လိုအပ်ကြောင်းနှင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါး ဖြစ်စဉ်များတွင် အဓိက ပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး SSA စခန်းနေရာ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သည့်နေရာနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံသိမ်းဆည်းရမိမှု ဖြစ်စဉ်ပြမြေပုံ။



ဆားချက်ဆောင် မှတ်တမ်းဓာတ်ပုံ



လျှပ်စစ်မီးဖို မှတ်တမ်းဓာတ်ပုံ



အက်စစ်ပေပါများနှင့် အက်စစ်ပုံးများ မီးရှို့ဖျက်ဆီးထားသောနေရာ မှတ်တမ်းဓာတ်ပုံ



မူးယစ်ဆေးဝါးချက်လုပ်သည်ဟုယူဆရသောစက် မှတ်တမ်းဓာတ်ပုံ

ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခန့်တွင် စိန်ကြော့ကျေးရွာ၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများကို တွေ့ရစဉ်။









ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီခန့်တွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အဆောက်အအုံများကို တွေ့ရစဉ်။

# (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ

## အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



တောင်ကြီး ဇန်နဝါရီ ၂၂

(၇၉) နှစ်မြောက် ရှမ်းပြည်နယ်နေ့၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့၊ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ သတင်း၊ မှတ်တမ်းနှင့် ပြန်ကြားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆုချီးမြှင့်ရေး၊ ဘဏ္ဍာငွေကြီးကြပ်ရေး၊ ကျန်းမာရေးစောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေး၊ ဖျော်ဖြေရေး၊ ပြခန်းများခင်းကျင်းပြသရေး၊ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး၊ MSME ပြခန်းနှင့် ဒေသထွက်ကုန်များ ဈေးရောင်းပွဲတော်ကျင်းပရေး၊ သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပနိုင်ရေးနှင့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းကော်မတီများ၏တင်ပြချက်အပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများက ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်းများတွင် ယနေ့အထိ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိ

ထိုင်း ဇန်နဝါရီ ၂၂

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့တို့ရှိ အားကစားကွင်း/အားကစားရုံများ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအသင်းအနေဖြင့် မျက်မမြင်စစ်တုရင်၊ မျက်မမြင်ဂိုးလ်ဘော၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ (၇)ယောက်တစ်ဖက် ဘောလုံး၊ ဘိုစီယာနှင့် ဘိုးလင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။




ယနေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် ဒေသစံတော်ချိန် နံနက် ၉ နာရီမှစတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ (S3)S4 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က စံချိန် ၃ မိနစ် ၃၆.၃၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက စံချိန် ၃ မိနစ် ၄၄.၅၀ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုနှင့် အင်ဒိုနီးရှားနိုင်ငံက စံချိန် ၃ မိနစ် ၅၄.၆၂ စက္ကန့်ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ S6 အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က စံချိန် ၂ မိနစ် ၄၉.၄၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက စံချိန် ၂ မိနစ် ၃၇.၂၁ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက စံချိန် ၂ မိနစ် ၄၈.၂၇ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသူများအား Asean Para Sports Federation(APSF) ဥက္ကဋ္ဌ Board of Governor(BoG) အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်\ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ထိုင်လျက်ဘော်လီဘောအားကစားနည်း အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကို ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (၇) ယောက်တစ်ဖက် ဘောလုံးအားကစားနည်း အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဂိုးလ်ဘောအားကစားနည်း အမျိုးသားအသင်း အုပ်စုပတ်လည်ပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ၁၅ ဂိုး ၁၀ ဂိုးဖြင့်လည်းကောင်း၊ ဘိုစီယာအားကစားနည်း BC1 အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်းထိုက်က ဖိလစ်ပိုင်ကိုလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး စားပွဲတင် တင်းနစ် Class – 7 အမျိုးအစား ဆီမီးဖိုင်နယ်ပြိုင်ပွဲပွဲစဉ်၌ တိုးတက်အောင်က ထိုင်းနိုင်ငံမှ အားကစားသမားကို ရှုံးနိမ့်ခဲ့သည်။

ယမန်နေ့ ညနေပိုင်း ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့ 80th Birthday Anniversary Stadium ၌ ကျင်းပလျက်ရှိသည့် ပြေးခုန်ပစ်အားကစားနည်း T44, T64 အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တပ်ကြပ်ကြီး စိုးပေက ရွှေတံဆိပ်ဆု၊ အောင်မြင့်ဌေးက ငွေတံဆိပ်ဆု၊ T44, T64 အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ် ရဲမင်းစိုးက ငွေတံဆိပ်ဆု၊ F56 အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် စည်သူထက်က ငွေတံဆိပ်ဆု၊ T44, T64 အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် လော်လာဝင်းက ငွေတံဆိပ်ဆု၊ F44, F64 အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် တပ်ကြပ် ဇော်မင်းလွင်က ကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးထပ်မံဆွတ်ခူးရရှိခဲ့သည်။

ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သော ရေကူး အမျိုးသား မီတာ ၂၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မင်းထူးသည် အဆိုပါပွဲစဉ်တွင် ရွှေတံဆိပ်ရရှိသောကစားသမားမှာ Missed calssification ဖြစ်၍ ဆုပယ်ဖျက်ခြင်းခံရပြီး ငွေတံဆိပ်ဆုရရှိခဲ့သော မင်းထူးအား ရွှေတံဆိပ်ဆုကို ပြောင်းလဲချီးမြှင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့သည် Nakhon Ratchasima Rajabhat University ၌ ကျင်းပလျက်ရှိသည့် (မျက်မမြင်)စစ်တုရင် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ် မြန်မာနှင့် ဖိလစ်ပိုင်တို့၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ Central Korat Hall တွင် ကျင်းပလျက်ရှိသည့် စားပွဲတင်တင်းနစ် (Men’ Single) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ် မြန်မာနှင့် ဗီယက်နမ်တို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ Vongchavalikul University ၌ ကျင်းပသည့် (မျက်မမြင်)ဂိုးလ်ဘောပြိုင်ပွဲ ပွဲစဉ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် စားပွဲတင်တင်းနစ် (Men’ Single) ဆီမီးဖိုင်နယ်ပြိုင်ပွဲပွဲစဉ် မြန်မာနှင့် ထိုင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ထိုင်လျက်ဘော်လီဘော အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ (၇)ယောက်တစ်ဖက် ဘောလုံး အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ ပြိုင်ပွဲပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ (မျက်မမြင်)ဂိုးလ်ဘော၊ (၇)ယောက်တစ်ဖက် ဘောလုံး၊ (မျက်မမြင်)စစ်တုရင်၊ သေနတ်ပစ်၊ အလေးမနှင့် ဘိုစီယာ အားကစားနည်းတို့ကို မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက် ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်းဆုတံဆိပ်၁၆ ခု ဆွတ်ခူးရရှိထားပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရေကြည်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး လိုက်လံစစ်ဆေး

ရေကြည် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံနှင့် လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးနှင့် ရေသိုလှောင်ထားမှု၊ ဂိုဒေါင်များတွင် ပစ္စည်းသိုလှောင်ထားမှု၊ လောင်စာဆီသိုလှောင်မှု၊ လျှပ်စစ်သွယ်တန်းမှုနှင့် လူနေအိမ်များတွင် ချက်ပြုတ်သည့်နေရာများအား စစ်ဆေးခဲ့ပြီး မီးသတ်ဆေးဘူး အသုံးပြုနည်းကိုလည်း မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် ပါဝင်ကူညီဆောင်ရွက်သူများကို ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား ဇန်နဝါရီ ၂၂

(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီနှင့် အယ်ဒီတာအဖွဲ့တို့ကို ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမဦကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး နှစ်ပတ်လည်မဂ္ဂဇင်း ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များဖြစ်သည့် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် အယ်ဒီတာအဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုလက်ဆောင်များ၊ အယ်ဒီတာအဖွဲ့ဝင်များထဲမှ သက်ကြီးစာရေးဆရာကြီး နှစ်ဦးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့စရိတ်များကိုပေးအပ်ရာ အယ်ဒီတာအဖွဲ့ဝင် စာရေးဆရာ အကြီးကိုကို




(ကသာ)က ကျေးဇူးတင် ဝမ်းမြောက်စကားပြန်လည် ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က မဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့် ဆုရပြိုင်ပွဲဝင် ပန်းချီပိုင်ရှင် ကျောင်းသား ကျောင်းသူ နှစ်ဦးတို့ကို ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြည်နယ်အတွင်း နယ်မြေအခြေအနေအရ တာဝန်ကျမြို့နယ်များမှ တိမ်းရှောင်လာသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နယ်မြေအခြေအနေအရ ယာယီတိမ်းရှောင်လာကြသည့် ဗန်းမော်ခရိုင်နှင့် ချီဖွေခရိုင်အတွင်းမှ ဝန်ထမ်းများ၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ကံပိုင်တည်မြို့၊ ဆင်ဘိုမြို့နှင့် ဆဒုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများအတွက် တစ်ဦးလျှင် ဆန် တစ်အိတ်၊ ဆီ တစ်ပိဿာ၊ ကြက်ဥ တစ်ကတ်နှုန်းဖြင့် စုစုပေါင်းဝန်ထမ်း ၂၁၁ ဦးတို့အတွက် တန်ဖိုးငွေကျပ် ၂၃၄၂၁၀၀၀ ရှိ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြရာ ယာယီတိမ်းရှောင်ဝန်ထမ်းများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ချောက်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ

ချောက် ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်း သတ်နည်း သရုပ်ပြသခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပသည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ယုယု အောင်က တောင်ယာမီးရှို့ခြင်း၊ တောမီးလောင်မှုနှင့် အမှိုက်မီးရှို့မှုများကြောင့် ဖြစ်ပွားတတ်သည့် မီးခိုးမြူငွေ့ပြဿနာများ၊ မီးကို အသုံးပြုရာတွင် လိုက်နာရမည့် အချက်နှင့် ရှောင်ကြဉ်ရမည့်အချက်များကို လည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက် မီးသတ်ဦးစီးမှူး ဦးသက်တင်က မီးသတ်ဆေးဘူး ကိုင်တွယ်အသုံး ပြုနည်းများနှင့် အသုံးပြုပုံ အဆင့်ဆင့်၊ မီးငြိမ်းသတ်နည်းများကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် ဆီမီးငြိမ်းသတ်ပုံနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံများကို ကျောင်းသား ကျောင်းသူများအား လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင်ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မြို့မရဲစခန်းဝန်ထမ်းအိမ်ရာ၌ မီးဘေးလုံခြုံရေး လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြဆောင်ရွက်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဇန်နဝါရီ ၂၁ ရက်က ဆောင်ရွက်စဉ်။

မင်းထက်သာ

# အုတ်ဖိုမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

အုတ်ဖို ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်း



နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့အား One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ပြုလုပ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းနှင့် ဝန်ထမ်းများက အုတ်ဖိုမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အိမ်ထောင်စုဇယားပုံစံ(၆၆/၆)မှာ ပါရှိပြီး အသက် (၁၈)နှစ်ပြည့်ကာ မှတ်ပုံတင်မပြုလုပ်ရသေးသည့်သူများ၊ (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) မည့်သူများကို ရွေးကောက်ပွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ကာ မဲပေးနိုင်ရေးအတွက် နေ့ချင်းပြီး ပြုလုပ်ပေးလျက်ရှိပြီး လုပ်ဆောင်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကာယကံရှင်များ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



# မြင်းခြံမြို့အတွင်းရှိ မဲရုံပြင်ဆင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး

မြင်းခြံ ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ မြင်းခြံမြို့အတွင်းရှိ မဲရုံပြင်ဆင်ထားရှိမှု အခြေအနေများကို ယမန်နေ့ ညနေ ၃ နာရီမှ စတင်၍ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ မြင်းခြံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မြင်းခြံမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများပြင်ဆင်ထားရှိမှု အခြေအနေ၊ မဲပေးရန်စောင့်ဆိုင်းစဉ် အရိပ်ရရှိရေးပြင်ဆင်ထားရှိမှုများ၊ မဲမပေးမီ ပြည်သူများအတွက် မဲပေးခြင်းအသိပညာပေး တီဗွီထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာမဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့်သူများအား မဲရုံပြင်ဆင်ရန်လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

ချစ်ဦးနွေ(မြင်းခြံ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aung Aung” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးကျေးရွာနေ ပြည့်ဖြိုးပိုင်အား မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ “ZarNi Thway” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် သစ်တောရပ်ကွက်နေ ဇာနည်သွေးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၁၃-၁-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စံစံသိန်း၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀ စီ)၊ မြေကွက်အမှတ်-(၂၈)၊ အိမ်အမှတ်-(၃၂)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း(အလျား ၇၀ပေx အနံ ၇၀ပေ)ရှိ မြေပိုင်မြေကွက် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်းဟုခေါ်တွင်သော (၁၉၅၅-၅၆)ခုနှစ်တွင် (ယခင်မြေကွက် အမှတ်-၄၀)နှင့် မြေကွက်ပေါ်ရှိ အုတ်ခံတစ်ထပ်ခွဲတိုက်(လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင်) မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အဝဝအားလုံးတို့ကို တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း အပိုင်ဝယ်ယူသူ ဒေါ်သဇင်လွင် (ဘ) ဦးထွန်းလွင်[၁၂/အစန(နိုင်)၁၂၀၂၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဦး (ဘ) ဦးကျင်ဝင်း[၁၂/ကမရ(နိုင်) ၀၄၅၈၃၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာချက်ပါရှိလာသည်ကို တွေ့ရှိရပါသည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ ကန့်ကွက်သည်မှာ စုစုပေါင်း မြေဧရိယာ (၁.၄၁၆)ဧက မြေကွက်ကြီး တစ်ခုလုံးကို ယခင်မြေပိုင်ရှင် ဒေါ်ရင်မေ [၅/စကန(နိုင်) ၁၁၆၃၂၅]က ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဝရာဘိဝံသထံသို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အရ မြေပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် လှူဒါန်းသည့် မြေကွက်တို့ကို ရေစက်ချလှူဒါန်းမှုအစုစုပြုခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အထက်ဖော်ပြပါ မြေဧရိယာ(၁.၄၁၆)ဧကရှိ မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ဆရာတော်၏အခွင့်အရေးတာဝန်အရပ်ရပ် လွှဲအပ်ခြင်းခံရသူ ဒေါက်တာဦးဝင်းဗိုလ်၏လက်ဝယ်တွင်ရှိပြီး ဒေါက်တာဦးဝင်းဗိုလ်ကသာ ယင်းမြေကွက်အား အလုံးစုံစီမံခန့်ခွဲ ပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်ကြီးအနက်မှ (အလျား ၇၀ပေx အနံ ၇၀ပေ)ရှိ မြေကွက်နှင့်ပတ်သက်၍ (၁၃-၁-၂၀၂၆)နေ့စွဲပါ ကြေးမုံသတင်းစာမှနေ၍ အရောင်းအဝယ်ပြုလုပ်ရန်အတွက် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကန့်ကွက်ပါကြောင်းနှင့် အရောင်းအဝယ်အား ဆက်လက်မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ပြုလုပ်သူတို့အား တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ(LLB, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၄၀၄)**
**အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊**
**ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ ကုဋ္ဌေကုဋ္ဌာလမ်းရှိ အမှတ်(၂၁၃၆)ဟု ခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးသိန်းချစ်(AA-088774) [၁၂/သဃက(နိုင်)၀၀၇၉၇၈] အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်(မူရင်း)မြေကွက်အပါအဝင် ယင်းမြေကွက်တို့နှင့်ပတ်သက်သော အကျိုးခံစားခွင့် အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံကတိပြုပြောဆိုကမ်းလှမ်းလာသူ ဒေါ်ရည်ရည်ဆွေ [၁၂/တမန(နိုင်)၀၀၀၂၄၁]နှင့် ဒေါ်စန်းစန်းဝင်း [၁၂/သကတ(နိုင်) ၀၄၆၁၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာဦး [၁၂/ဒဂန(နိုင်)၀၂၅၇၅၃]နှင့် ဦးမျိုးမင်းဦး[၁၂/ဒဂန(နိုင်)၀၀၀၀၅၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၀၃၅)**
**ရုံး-အမှတ်(၄၉၃)၊ ပထမအထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၇၈၀၃၄၆၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်း (၂)ရပ်ကွက်၊ နွယ်အေးလူနေရပ်ကွက်၊ စံပယ်လမ်း၊ မြေကွက်အမှတ် (၅၀၇)၊ အကျယ်အဝန်း (၂၅ပေx ၅၀ပေ) အကျယ်ရှိ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်သန်း [၁၂/ဒပန(နိုင်)၀၃၂၂၈၉] အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး ထိုမြေကွက်ပေါ်ရှိ လုံးချင်းအိမ် (၁)လုံးနှင့် ကိုယ်ပိုင်ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော အမည်ပေါက်၏ ဇနီးဖြစ်သူ ဒေါ်ရီရီထွေး [၁၂/ဒပန(နိုင်)၀၃၃၅၀၅]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းလွင် [၁/မညန(နိုင်) ၀၄၆၇၀၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်- ၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ (၁၂)ရပ်ကွက်၊ ခရေလမ်း၊ မြေကွက်အမှတ်(၇၂)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဗိုလ်မှူးလှရီ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူ ဦးကြည်ဝင်း [၁၂/အစန(နိုင်)၁၆၀၁၀၃]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ဖြူဝေဝေအောင် | ဒေါ်သီမ့်သန္တာအောင် | ဒေါ်ယမင်းဖြူဖြူသိန်း |
|---|---|---|
| (LL.B) | (LL.B) | (LL.B (Q)) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၈၂၅၀) | (စဉ်-၄၈၂၂၉) | (စဉ်-၅၇၀၅၃) |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၇၇၂၉၁၇၇၅၊ ၀၉- ၅၅၄၁၆၁၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၈၁၇/ခ)၊ မြေကွက်တည်နေရာအမှတ်- (၈၁၇/ခ)၊ (၂၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥလာပမြို့နယ်၊ ဒေါ်ယမုံအောင် [၁၂/ဥကတ(နိုင်)၀၈၁၃၆၇]၊ ဒေါ်ချို [၁၂/ဥကတ(နိုင်)၀၈၅၂၄၂] အမည်ပေါက် ဒေါ်ယမုံအောင်၊ ဒေါ်ချိုတို့ (၂)ဦးပူးတွဲအမည်ပေါက် မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ချို(မိခင်)နှင့် ဦးအေးကျော်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးထွန်းဟံ [၁၂/ဥကတ(နိုင်)၁၅၀၃၁၂]မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၂၈၁၉/၂၀၂၅ (၂၃-၁၀-၂၀၂၅) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ယမုံအောင် [၁၂/ဥကတ(နိုင်)၀၈၁၃၆၇]နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ခရောင်ကျေးရွာ၊ ကွင်းအမှတ် (၉၉၂-ခ)၊ ခရောင်ကွင်း၊ ဦးပိုင်အမှတ်(၄/က)၊ **ဒေါ်သဇင်ဌေး** အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိ ထမ်းဆောင်ထားသော ဧရိယာ (၁.၀၀)ဧကေ အနက်မှ အကွက်အမှတ် (**B-1**) အနံ မျက်နှာဝ (၄၀)ပေx အလျား(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ စပ်ဆက်စာချုပ်ဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ (၁) **ဦးနိုင်နိုင်ဝေ** (ဘ) ဦးရွှေသိန်း [၁၂/လကန(နိုင်)၁၇၉၄၄၂]၊ (၂) **ဦးနေလင်းအောင်** (ဘ) ဦးလှသန်း [၁၂/လကန(နိုင်)၁၈၆၂၄၂] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးခိုင်ဝင်း** (ဘ) ဦးသန်းထွန်းအေးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်း(**မူရင်း**)များနှင့်အတူ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (**၁၄**)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်အေးခိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၆၂၆/၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-795482460, 09-420298613**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၂၄(က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသန်းထွန်း (URGN-၀၀၁၃၅၅) အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ လျှပ်စစ်မီတာ၊ ရေအပါအဝင် သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းထွန်း၏ သားသမီးများဖြစ်သော ၁။ ဒေါ်မြင့်မြင့်အေး၊ ၂။ ဒေါ်ဝင်းဝင်းအေး၊ ၃။ ဦးဝိုင်းချစ်ထွေးတို့မှ မိဘများကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းကျော် [၇/ဖမန(နိုင်) ၂၁၄၉၆၁] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇော်မင်းနိုင် | ဒေါ်သက်ဆုရည် |
|---|---|
| LL.B, DL-101 Wipo (Switzerland) | ဥပဒေဘွဲ့ (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်- ၁၀၉၁၈/၁၆) | (စဉ်- ၁၂၂၈၃/၁၇) |
| ဖုန်း- ၀၉-၄၂၅၁၆၈၉၃၂ | ဖုန်း- ၀၉-၄၂၁၀၂၄၈၈၆ |

**ရုံး- အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက် အမှတ်-၉၊ ယုဇနလမ်း၊ မြေကွက်အမှတ်-၅၂၈(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်လေးရင် အမည်ပေါက် မြေချပါမစ်ထွက်ရှိပိုင်ဆိုင်ထားသော အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက် ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးကျော်အေး (HLG-01930)နှင့် ဒေါ်ခင်ငြိမ်း[၁၂/ကမရ(နိုင်) ၀၁၄၉၅၂]တို့ ကိုယ်စား ဒေါ်မေကျော်သက် [၁၂/ရပသ(ယ)၀၀၁၂၉၅]နှင့် ဦးကျော်မိုး [၁၂/ကမရ(နိုင်)၀၅၀၁၂၉]တို့မှ တာဝန်ယူရောင်းချခြင်းအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမြိုင်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောမြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းမြိုင်** | **ဒေါ်ခင်မာလွင် (LL.B, D.B.L)** |
| **[၁၂/အစန (နိုင်) ၁၂၂၂၅၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်- ၆၆၂၊ မဟာမြိုင်လမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **(၉/၃)ရပ်ကွက်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ရွှေပြည်သာမြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကျော်လှိုင် [၅/စကန (နိုင်) ၀၀၆၂၃၉]ကိုင်ဆောင်သော သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(ရန်-၁၂၅၆/၀၁)နှင့် စက်ခန်းအုပ်လက်မှတ်အမှတ်(1ED-10034-2012) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-885440772**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ ERDOS (MYANMAR) KNITWEAR CO.,LTD ၏ ID No. MA021-102195 Date: 24.2.2021 & ID NO. MA020-114512 Date: 16.12.2020 နှင့် Import Declaration (ID) (၂)စောင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-443266800**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)၊ မြင်သာ (၄)လမ်း၊ မြေကွက်အမှတ်(၄၄/၁)၊ မြေအကျယ် အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ ဒုတိယထပ် (၃)လွှာ (3B)ခြေရင်းခြမ်း၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ) တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးထက်ဦးလင်း [၁၂/ရပသ(နိုင်)၀၆၀၀၂၈]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B) |
|---|---|
| (စဉ်-၁၁၄၀၆) | (စဉ်-၅၆၆၆၂) |
| တရားလွှတ်တော်ရှေ့နေ | ဒေါ်ပန်းသဇင်ကျော်(LL.B) |
| | (စဉ်-၅၆၈၂၃) |
| | (အထက်တန်းရှေ့နေများ) |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သုခမိန်လမ်း၊ မြေကွက်အမှတ် (၃၉၉)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးငွေဝင်း [၁၂/ဥကတ(နိုင်) ၁၂၂၅၆၁]** အမည်ဖြင့်အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်နီလာကျော် [၇/ဒဥန(နိုင်) ၀၂၇၁၉၃]** သည် “နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဒေါ်နီလာကျော်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင် ခင်ပွန်းဖြစ်သူ **ဦးတင်ဝင်း [၇/ပခန(နိုင်) ၀၁၂၈၅၄]**သည် အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၄၂၂၀၈၈၆၉၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၂၀၆)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးသန်းမြင့်[၉/မထလ(နိုင်)၁၃၁၆၄၄] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်လေးမွန် [၁၂/ကမတ(နိုင်) ၀၅၆၇၉၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက်စရန် ငွေအချို့အားပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.I.L,WIPO switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ခရေပင်လမ်း၊ မြေကွက်အမှတ် (၄၅၂/ခ)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေထဲမှ(ခေါင်းရင်း)ဘက်ခြမ်း မြေအကျယ်အဝန်း(၁၀x၆၀)ပေရှိ ဦးပြား (EE-၀၂၆၉၈၅) အမည်ပေါက် မြေချပါမစ်(မူရင်း)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်နိုင်စိုး [၁၂/သဃက(နိုင်)၀၃၉၅၅၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.I.L,WIPO switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၃၅)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဦးတင်ရွှေ(S/0KA-၀၀၁၅၇၃)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထင်အောင်[၈/ ရနခ(နိုင်) ၀၀၄၂၄၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.I.L,WIPO switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သရေခေတ္တရာ(၂၂)လမ်း၊ မြေကွက်အမှတ်(၈၆၇/က)၊ မြေအကျယ်အဝန်း-အလျား×အနံ (၂၀ပေ×၆၀ပေ)ရှိ ဒေါ်တင်ညွန့် (AA-015425)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်အဝန်း၊ အလျား×အနံ(၁၀ပေ×၆၀ပေ)နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင် [၁၄/ဘကလ(နိုင်)၂၁၄၈၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်အောင် [၁၂/ဥကမ (နိုင်)၁၇၁၂၇၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉- ၂၅၁၀၁၂၅၃၀**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၈၈)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၅)ထပ်တိုက်အနက်မှ (မြေညီထပ်+ပထမထပ်)(ခြေရင်းခြမ်း)၊ (တိုက်ကို မျက်နှာမူလျှင်လက်ယာဘက်)၊ အကျယ်အဝန်း (၁၇ပေ×၅၀ပေ)ခန့် အသီးသီးရှိကြသော တိုက်ခန်း(၂) ခန်းနှင့်တကွ ရေမီတာ (၁)လုံး၊ မီး၊ မီတာ (၂)လုံး အပါအဝင် ယင်းတိုက်ခန်းများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ကန်ထရိုက်တာထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဦးကျော်သိုက်စိုး[၁၄/ပသန(နိုင်)၁၇၂၈၈၅]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း၊ အမွေစား အမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပါးပါးနီ ( LL.B..D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၄၇)**
**အမှတ် (၁၉၂)၊ ပထမထပ်၊ (၃၂-လမ်း) အထက်၊ (၁၁)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၈၄၇၈၆၂၊ ၀၉-၂၅၅၇၇၈၀၉၄**

## "Lydia (လေဒီယာ) အမှတ်တံဆိပ် နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အမှတ်(၁၀B/{1}၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးခန်းဖွင့်လှစ်ထားသော DKT International Inc (Myanmar Branch) နှင့် Modern Choice Experts Co.,Ltd တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

lydia™
လေဒီယာ

အထက်ဖော်ပြပါ Lydia (လေဒီယာ) အမှတ်တံဆိပ်သည် အမေရိကန်အခြေစိုက် DKT International Inc က ပိုင်ဆိုင်သည့် အမှတ်တံဆိပ်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တင်သွင်းဖြန့်ဖြူး ရောင်းချရန်အတွက် Modern Choice Experts Co.,Ltd ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်အခွင့်အာဏာလွှဲအပ်ထားပြီးဖြစ်ပါသည်။

DKT International Inc (Myanmar Branch) အနေဖြင့် မြန်မာနိုင်ငံ၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့်အညီ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်- ၁၃၇၂၁/၂၀၁၄ (၂၄-၉-၂၀၁၄) ဖြင့် မှတ်ပုံတင်သွင်းကြေညာစာချုပ်ချုပ်ဆို မှတ်ပုံတင်သွင်းထားပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံကုန်အမှတ် တံဆိပ်ဥပဒေနှင့်အညီ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း လျှောက်ထားချက်နံပါတ်- T/2023/011265 (၂၉-၈-၂၀၂၃)ဖြင့် လျှောက်လွှာတင်သွင်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ Lydia (လေဒီယာ) အမှတ်တံဆိပ်ကို DKT International Inc က ပိုင်ဆိုင်ပြီး မြန်မာနိုင်ငံအတွင်းသို့ တင်သွင်း၍ ဖြန့်ဖြူးရောင်းချခွင့်ရှိသူမှာ Modern Choice Experts Co.,Ltd တစ်ခုတည်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖော်ပြပါ Lydia (လေဒီယာ) အမှတ်တံဆိပ်ကို DKT International Inc နှင့် Modern Choice Experts Co.,Ltd တို့၏ ခွင့်ပြုချက်မရှိဘဲ ဆင်တူယိုးမှားတုပခြင်း၊ မှိုင်းမြင်းခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တရားမဝင်သော နည်းလမ်းများဖြင့် မြန်မာပြည်ဈေးကွက်အတွင်းသို့ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါက်တာဇာခြည်အောင်** | **ဒေါ်ကြာဖြူဝတ်ရည်** |
| **LL.B, LL.M, MRes, PhD** | **LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၀၃၃)** | **(စဉ်-၁၆၀၈၉)** |
| **၀၉-၉၇၇၁၁၁၂၉၅** | **၀၉-၉၇၇၁၁၁၂၉၂** |

**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်-1HI/Adm/Iron/တင်ဒါ/25-26/005

၁။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာသိမ်းယာဉ်များမှ သံရည်ကျိုအပ်နှံမည့် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်/ယန္တရားစုစုပေါင်း(၇၄၇)စီးအား အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ဖြတ်တောက်၊ သယ်ယူ၊ ပို့ဆောင် အပ်နှံပေးနိုင်မည့် ကုမ္ပဏီ/အဖွဲ့များအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်-

(က) တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၃-၁-၂၀၂၆
(ခ) တင်ဒါပိတ်မည့်ရက် - ၅-၂-၂၀၂၆

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်-

**အုပ်ချုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၃၄၀၅၄၅၁**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ၅၄-လမ်း (အောက်ဘလောက်)၊ အမှတ် (၁၄/၁၆) ဟုခေါ်တွင်သည့် အဆောက်အဦအနက်မှ အမှတ် (၁၄)ဘက်အခြမ်းရှိ (၄)ခန်းတွဲ (၃)ထပ် အဆောက်အဦ၏ ပထမထပ် အခန်းအမှတ် (၆)၊ အိမ်ခန်းကျယ် (အလျား ၁၂ပေခွဲ ×အနံ ၆၀ပေ)ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဖာတမာဘီဘီ [၁၂/ဗတထ (နိုင်) ၀၂၇၇၂၂]က (၃၁-၁၂-၁၉၇၇) ရက်နေ့တွင် "တိုက်ခန်းအပျောက်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့ပါသည်။ ဒေါ်ဖာတမာဘီဘီသည် (၁၀-၃-၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးအပါကြီး [၁၂/ဗတထ(နိုင်)၀၂၇၆၅၉] သည် (၁၅-၉-၂၀၀၀) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပြီးဖြစ်၍ ၎င်းတို့၏ အမွေစားအမွေခံသားသမီးများမှာ (၁) ဦးမောင်မြင့်ဦး [၁၂/ဗတထ (နိုင်)၀၂၉၅၈၁]၊ (၂) ဦးအုန်းလွင် [၁၂/ဥကတ(နိုင်) ၁၄၁၅၇၄]၊ (၃) ဒေါ်စန်းစန်းအေး [၁၂/ဗတထ (နိုင်) ၀၂၇၇၃၁]၊ (၄) ဒေါ်မြင့်မြင့်သိန်း [၁၂/ဗတထ (နိုင်)၀၂၉၅၈၂] တို့သည် အထက်ဖော်ပြပါ နေအိမ်ခန်းအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် ၎င်းတို့မောင်နှမ (၄) ဦးမှတစ်ပါး အခြားအမွေဆက်ခံပိုင်ဆိုင်သူမရှိကြောင်း၊ ၎င်းတို့မောင်နှမ (၄)ဦးသိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းဝယ်ပေါင်နှံပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းနှင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်တို့ အတွက် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဒေါ်ရွှေရည်ဝင်း (LL.B)** | **ဒေါ်သန်းသန်းစိန် (LL.B), (LL.M)** |
| **အထက်တန်းရှေ့နေ (စဉ် - ၄၇၉၂၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၇၈၀၀)** |

**ရုံးခန်း ။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉ - ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းနိုင် [၁၄/မအန (နိုင်)၂၆၇၇၈၅]ကိုင်ဆောင်သော သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် (ရန်-၅၇၅၁/၁၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-760959737**

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့နေ (ဘ)ဦးညီညီဝင်း၏သား မောင်ကျော်ဆုသွေး [၁၂/ပဇတ(နိုင်)၀၃၆၀၉၄]၏ နိုင်ငံကူးလက်မှတ် အမှတ် (MI - 240781) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉ - ၅၀၂၇၅၃၇**

## မတည်ငွေရင်းလျှော့ချကြောင်း အသိပေးကြေညာခြင်း

SHWE KAUNG MYAT MINING COMPANY LIMITED မှ (၁၂-၁-၂၀၂၆) ကုမ္ပဏီအစုရှယ်ယာရှင်များအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀၀/- တိတိတန် အစုအရေအတွက် (၃၀၀၀)စုအတွက် အစုရှယ်ယာ စုစုပေါင်းကျပ် ၃၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးထောင်တိတိ) သတ်မှတ်ထည့်ဝင်ခဲ့ပါသည်။ ယခုအခါတွင် ကုမ္ပဏီ၏ လုပ်ငန်းလိုအပ်ချက်အရ အစုအရေအတွက် (၁၀၀)စု တစ်စုတန်ဖိုး ၁၀၀,၀၀၀/-တန် စုစုပေါင်း အစုရှယ်ယာတန်ဖိုးငွေ ၁၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာတိတိ)သို့ လျှော့ချရန်ဖြစ်ပါသဖြင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**SHWE KAUNG MYAT MINING COMPANY LIMITED (BOD အဖွဲ့)**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ လူနေရပ်ကွက်အမှတ်-၁၀၊ တွံတေးလမ်း၊ မြေကွက်အမှတ်-၄၂၄(ခ)၊ အကျယ်ပေ(၂၀×၆၀)ပေရှိ ဦးနေဝင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေ၊ မီးစုံပါ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးသန်းဆွေ[၁၄/မမက(နိုင်)၀၁၀၅၇၃]နှင့် ဒေါ်ခင်ခင်နွဲ့[၁၂/ကမတ(နိုင်)၀၀၃၅၄၇] ကိုင်ဆောင်သူတို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကျော်ကျော်သူ[၁၄/လမန(နိုင်)၀၉၂၃၉၅]နှင့် ဒေါ်ဇင်မာအေး [၁၂/ကမန(နိုင်)၀၉၇၅၀၇]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍(၁၄) ရက်အတွင်း တိကျခိုင်မာသည့် အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်သူနှင့်ဒေါ်ဇင်မာအေး တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဖြူဖြူအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၇၇)**
**အမှတ်-၂၀၃(ခ)၊ ဥယျာဉ်ပန်းခြံ(၂)လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၅၆၆၆၉၉၉၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးမင်းခိုင် [၈/မလန(နိုင်)၀၈၂၅၉၈]၏ သင်္ဘောသားလုပ်သက်စာအုပ် (ရန်-၂၇၄၈/၀၇)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-420149056**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းစိုး [၈/ခမန (နိုင်)၁၀၈၆၈၇] ကိုင်ဆောင်သော သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ်(ရန်-၂၈၄၃/၀၂)နှင့် စက်ခန်းအုပ်အမှတ် (စမပ-၁၄၂/၁၀) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-420149056**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ဥကမ(နိုင်)၂၄၁၁၈၅] ကိုင်ဆောင်သူ ဒေါ်ရွှေရည်ဝင်းနှင့် ဒေါ်အိန္ဒြာချမ်းမြေ့ဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အ.ထ.က (၂) ဗိုလ်တထောင်၊ ပထမတန်း (B) ၌ ပညာသင်ကြားနေသော မဖြူဖြူခိုင်၏ ဖခင်အမည်မှန်မှာ ဦးရာဘီလာလ် (ခ) ဦးမောင်စိုး ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ (၅၄) လမ်းအောက်လမ်း၊ အမှတ်(၃၈) (၄-လွှာ)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရာဘီလာလ် (ခ) ဦးမောင်စိုး [၇/ဖမန(နိုင်)၂၇၁၇၅၄]သည် ၎င်း၏နိုင်ငံသားစိစစ်ရေးကတ်ပြား၌ပါရှိသည့်အတိုင်း အ. ထ. က (၂) ဗိုလ်တထောင်၊ ပထမတန်း (B) ၌ ပညာသင်ကြားနေသော မဖြူဖြူခိုင်၏ ဖခင်အရင်းဖြစ်ပြီး၊ မဖြူဖြူခိုင်၏ ဖခင်အမည်မှန်မှာ ဦးရာဘီလာလ် (ခ) ဦးမောင်စိုး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ရွှေရည်ဝင်း (LL.B)** | **ဒေါ်သန်းသန်းစိန်(LL.B), (LL.M)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၇၉၂၉)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၀၀)** |

**ရုံးခန်း။ အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊**
**(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## မတည်ငွေရင်းလျှော့ချကြောင်းအသိပေးကြေညာခြင်း

SHWE KAUNG MYAT GEMS & JEWELLERY COMPANY LIMITED မှ (၁၂-၁-၂၀၂၆) ကုမ္ပဏီ အစုရှယ်ယာရှင်များအစည်းအဝေး၏ဆုံးဖြတ်ချက်အရ အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀၀၀၀၀/- တိတိတန် အစုအရေအတွက် (၃၀၀၀)စုအတွက် အစုရှယ်ယာ စုစုပေါင်း ကျပ် ၃၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးထောင်တိတိ) သတ်မှတ်ထည့်ဝင်ခဲ့ပါသည်။ ယခုအခါတွင် ကုမ္ပဏီ၏ လုပ်ငန်းလိုအပ်ချက်အရ အစုအရေအတွက် (၁၀၀)စု တစ်စုတန်ဖိုး ၁၀၀,၀၀၀/-တန် စုစုပေါင်း အစုရှယ်ယာတန်ဖိုးငွေ ၁၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာတိတိ) သို့ လျှော့ချရန်ဖြစ်ပါသဖြင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**SHWE KAUNG MYAT GEMS & JEWELLERY COMPANY LIMITED(BOD အဖွဲ့)**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၈၆/ခ)၊ အကျယ်အဝန်း (၂၀ ပေ×၆၀ ပေ) အကျယ်ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၄၈၆/က)နှင့်ကပ်လျက်အခြမ်း အကျယ်အဝန်း(၁၁ပေ×၆၀ပေ)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ဖြစ်သူ ဦးမြငြိမ်း( အေအေ-၀၉၃၉၇၂ )နှင့် ဦးထွန်းဝေ( N/OKA- 033735 )တို့ ( ၂)ဦးထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးခင်ငြိမ်း[၁၂/ဥကတ(နိုင်)၀၁၅၅၈၂]နှင့် ဒေါ်ခင်အေး [၁၂/ဥကတ(နိုင်)၀၁၅၇၈၁]တို့ ( ၂ )ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းအောင် [၅/ဆလက(နိုင်)၀၅၂၈၈၇]နှင့် ဒေါ်ငွေအေး [၅/ဆလက (နိုင်) ၀၃၉၂၀၆]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဝင်းအောင်၊ ဒေါ်ငွေအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဆွေသန်း ( LL.B ) ( D.I.L )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၇၂၇၀ )**
**အမှတ်( ၅၀ )၊ ဘဏ်လမ်း၊ အခန်း( ၇/၈ )၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-795552178**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ အမှတ် ၂၁၈(စင်ကျူရီ စီဘလောက်)၊ အခန်းအမှတ်-၉၀၆၊ ၉ လွှာဟုခေါ်တွင်သော အကျယ် ၅၄၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ထွန်းမြတ်အောင်ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၀၄၄၂၂၆၁၃၂၃)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** | **ဦးခိုင်ဦးလှိုင်** |
| **စဉ်- ၈၉၁၂ (၂၁-၃-၂၀၁၃)** | **စဉ်- ၁၈၉၉၄ (၂၂-၁၂-၂၀၂၃)** | **စဉ်-၁၉၆၈၃ (၇-၇-၂၀၂၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၂၂ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၁၉၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဆင်ဖြူရှင်ရပ်)၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒု-တက မြင့်စိုး (ကိုယ်ပိုင်အမှတ်-၅၂၉၁၃၈)၊ မှတ်ပုံတင်အမှတ် [၁၂/လကန(နိုင်)၁၂၁၆၄၁]၊ အဖအမည် ဦးတင်ဖေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပစ-(င)၁၉၈၇) အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး မှတ်ပုံတင်အမှတ် [၁၂/လကန(နိုင်)၀၃၇၃၃၉]၊ အဖအမည် ဦးဖူးညိုမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-တကမြင့်စိုး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အဦပုံများ တင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂/ အောက်ကျင်း)၊ ဦးပိုင်အမှတ် (၁၅၀)ဧရိယာ(၀.၀၃၁)ဧကရှိမြေသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ် (V)၈၉၂/၁၉၉၂-၁၉၉၃) အရ ဒေါ်မြစိန်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ(၂၆-၉-၂၀၂၄) ရက်နေ့တွင် ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဒေါ်မြစိန်နှင့်ခင်ပွန်းဖြစ်သူ ဦးတင်မြင့်တို့သည် (၂၀၂၁)ခုနှစ်တွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည့်အတွက် သားသမီးများဖြစ်သည့် ဦးမြင့်ဦး၊ မောင်တင်စိုး မမိရင်မာ၊ မမိချိုချိုမာ တို့(၄)ဦးကျန်ရစ်ခဲ့ပြီး မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်သဘောတူစာချုပ်ဖြင့် ဦးမြင့်ဦး၊ မောင်တင်စိုး ၊ မမိရင်မာ တို့(၃)ဦးမှ ဒေါ်မိချိုချိုမာအား ပေးကမ်းခဲ့သဖြင့် ပိုင်ဆိုင်လာပြီး ဒေါ်မိချိုချိုမာအမည်ဖြင့် နှစ်ရှည်မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း ချထားပေးပါရန် ကျမ်းကျိန်လွှာ၊ ပေးကမ်းခြင်းစာချုပ်မိတ္တူများ မှတ်ပုံတင် မိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာ မရှိပါက ဒေါ်မိချိုချိုမာ၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ကျောက်စိမ်းရတနာလမ်း– သန်လျင်ရတနာအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၆) မြေညီထပ်တိုက်ခန်းနှင့်တကွ ပတ်သက်ဆက်နွှယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစံနုအောင်(ဘ) ဦးစောနု[၁၁/ကဖန(နိုင်)၀၅၉၂၃၈]ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၆၉၅၁၀၂၉၃၀၊ ၀၉–၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၃)ဧက၊ မြေကွက်အမှတ်(ဥသ–၂၁၅၆)၊ ဦးတင်လှ (ဘ) ဦးစိန်အုန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဇင်မာဦး [၁၃/မမတ (နိုင်) ၀၃၇၁၃၂] (ဘ) ဦးတင်မောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၉၄၃/၂၀၂၀(၂–၇–၂၀၂၀)တင်ပြ၍ ဦးခင်နိုင် [၁၂/လမန (နိုင်) ၀၅၀၂၀၁] (ဘ) ဦးတင်ရွှေ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(စိုက်/မွေး–၁)၊ မြေကွက်အမှတ်(၁၁၄)၊ အကျယ်အဝန်း (၈၀'x၁၂၀')၊ ဧရိယာ–၀.၂၂၀ ဧက(၉၆၀၀ စတုရန်းပေ)၊ နှစ်(၆၀)ဂရန်မြေ၊ ဒေါ်ခင်သီတာ[၁၂/လကန(နိုင်)၀၅၈၈၉၀] အမည်ပေါက်မြေပေါ်ရှိ အမှတ်(၃/၄/၁၇)၊ မင်းရဲကျော်စွာလမ်း၊ စိုက်/မွေး(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော မြေကွက်ကြီးထံမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခြေရင်းခြမ်း (မြေကွက်အမှတ်–၁၁၃ နှင့်ကပ်လျက်ရှိသောအခြမ်း)၊ အကျယ်အဝန်း (၂၀'x၁၂၀') မြေကွက်နှင့်ပတ်သက်၍**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်သီတာ[၁၂/လကန(နိုင်)၀၅၈၈၉၀]က ၎င်းအမည်ပေါက် ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးဝေထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၄၇)**
**ရုံး – အမှတ်(၁၂၅/ခ)၊ ၄ လွှာ၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉– ၅၀၄၆၇၅၄၊ ၀၉– ၇၈၈၇၁၈၁၅၅**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ရေနံ့သာရပ်ကွက်၊ (၅) လမ်းနေ ဗိုလ်ကြီးထူးနောင်ကျော် [၈/မလန (နိုင်) ၀၈၂၂၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တပ်သစ်ကျေးရွာနေ ဒေါ်သဇင် [၁၄/ဘကလ (နိုင်) ၂၄၀၅၇၄]နှင့် ဗိုလ်ကြီးထူးနောင်ကျော်တို့သည် (၉–၄–၂၀၂၂) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ တရားရုံး၌ လက်ထပ်ထိမ်းမြားပေါင်းသင်းနေထိုင်လာခဲ့ရာ ဗိုလ်ကြီးထူးနောင်ကျော်အား ဒေါ်သဇင်မှ ဂုဏ်သိက္ခာကျဆင်းသည့် အပြုအမူများကို အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ဗိုလ်ကြီးထူးနောင်ကျော်မှာ များစွာအရှက်ရ စိတ်ဆင်းရဲခဲ့ရသည့်အတွက် ရေနံချောင်းမြို့နယ်တရားရုံး ၂၀၂၅–ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၂ ဖြင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် ဗိုလ်ကြီးထူးနောင်ကျော်မှ ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ထိုလျှောက်ထားမှုအား ရေနံချောင်းမြို့နယ်ရုံးတော်မှ (၂၁–၁၁–၂၀၂၅)ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခွင့်ပြုကြောင်းဖြင့် အနိုင်ဒီကရီချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဗိုလ်ကြီးထူးနောင်ကျော်နှင့် ဒေါ်သဇင်တို့သည် (၂၁–၁၁–၂၀၂၅) ရက်နေ့ကပင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဒေါ်သဇင်သည်လည်း ဗိုလ်ကြီးထူးနောင်ကျော်နှင့် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၉၂၄/၂၀၁၇)**
**အမှတ် (၁၀၁/ခ)၊ ရတနာပုံလမ်း၊ (၁၁) ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၄၀၁၅၃၇၉၆၈**

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃၄)၊ (၁)ရပ်ကွက်၊ လမ်းမတော် (၂)လမ်း၊ (၈)ထပ်တိုက်၏ (၅)လွှာ၊ အလျား(၂၅)ပေx အနံ (၅၀)ပေ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ပိုင်ဆိုင်ခွင့်၊ (BCC)မိတ္တူကိုင်ဆောင်ခွင့်တို့နှင့် အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ရရှိထားသူ ဒေါ်ခင်ယုနွယ် [၁၂/မရက(နိုင်)၁၆၄၁၄၂]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွှန့်ညွှန့်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိသဇင်မြင့် (LL.B, D.B.L, D.Eng)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၇၂၇)**
**(၇)လမ်းနှင့် ကိုင်းတန်းလမ်းထိပ်၊ အနော်ရထာလမ်းမကြီး၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၉၄၄၁၅၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း–၄၃၊ (ထ/၁၆) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်– ၃၄၅(က)ရှိ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဒေါ်ယမင်းသူဇာအောင် [၁၂/မရက(နိုင်)၁၂၉၅၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအိမ်မြေတို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်း အထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်နိုင်[၉/ကပတ(နိုင်)၁၉၆၅၇၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်အောင် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၄၃၁/၂၄–၁–၂၀၁၉)**
**ဖုန်း– ၀၉–၇၇၄၉၀၅၂၆၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် (၁၀၃/ခ)တွင် နေထိုင်သူများဖြစ်သော ဦးကျော်သိန်းလွင် [၁၂/ကမရ(နိုင်) ၀၄၉၈၅၀]နှင့် ဒေါ်မေနီလွင် [၁၂/ကမရ(နိုင်)၀၅၀၀၉၉]တို့သည် သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း တိုက်အမှတ်– B1၊ အခန်းအမှတ် (၃၀၂)၊ Type B၊ (၉၄၆) sqft အကျယ်ရှိ အခန်းအား ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါအခန်းဝယ်ယူစဉ်က Thanlyin Estate Development Ltd နှင့် ဦးကျော်သိန်းလွင်၊ ဒေါ်မေနီလွင်တို့နှင့် ချုပ်ဆိုခဲ့သော (၁၆–၅–၂၀၁၃)ရက်စွဲပါ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါသည်။ စာချုပ်မိတ္တူမှ ပြန်လည်ထုတ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စာချုပ်မိတ္တူမှ ထုတ်ယူပြီး နောက်ပိုင်းတွင် တစ်နည်းနည်းဖြင့် မူရင်းစာချုပ်ပေါ်ပေါက်လာပါက အဆိုပါ မူရင်းစာချုပ်မှာ ဥပဒေနှင့် အကျုံးဝင်အတည်မဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သိန်းလွင်နှင့် ဒေါ်မေနီလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်သိန်း (စဉ်–၃၄၃၂)　　ဒေါ်မေမီလှိုင် (စဉ်–၉၇၆၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၅)၊ ပထမထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉– ၄၂၈၂၇၃၃၃**

## နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ကိုစောဝေထွန်းကို [၁၂/အစန(နိုင်) ၂၃၃၅၅၉] (ဘ) ဦးခင်ကိုကိုနှင့် မကေသီခိုင် [၁၄/ကလန(နိုင်)၁၈၉၁၉၄] (ဘ) ဦးချစ်ရွှေတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် (၁၁–၆–၂၀၂၀) ခုနှစ်မှစ၍ ပေါင်းသင်းနေထိုင်လာခဲ့ရာ သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၁၇–၁–၂၀၂၆) ရက်နေ့တွင် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒဖြင့် နှစ်ဦးသဘောတူ ကွာရှင်းကတိစာချုပ်၊ ဝန်ခံကတိစာချုပ်တို့ကို လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါကြောင်း၊ နောက်နောင်တွင်လည်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၃၅၈၉၄)**
**တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉– ၄၂၀၉၁၅၈၈၊ ၀၉– ၇၅၉၆၉၇၅၉၈**

## "အမွေစား အမွေခံ ကိတ္တိမသားဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်းနေ မောင်သန်းထွန်း (ခ)ကိုကျော်ကျော်အောင် (ဘ) ဦးညီညီအောင် [၉/လဝန(နိုင်)၂၂၇၁၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

**(၂၃–၈–၁၉၉၀)**၌ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်းနေ ဒေါ်ရှင်က ဦးညီညီအောင်+ဒေါ်လှလှမြင့်တို့၏သား မောင်သန်းထွန်း(ခ)ကိုကျော်ကျော်အောင် အသက်(၁)နှစ်နှင့် (၈)လအရွယ်ကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများရှေ့ အမွေစားအမွေခံသားအဖြစ် စာချုပ်ချုပ်မွေးစားပြီး အတူနေထိုင်ခဲ့ပါသည်။ မွေးစားသား မောင်သန်းထွန်း (ခ)ကိုကျော်ကျော်အောင်သည် ဆွေမျိုး မွေးစားမိခင် ဒေါ်ရှင်နှင့်အတူနေထိုင်လုပ်ကိုင်ကျွေးမွေးခဲ့ပါသည်။ (၂၀၀၈–၀၉)ခုနှစ်၌ မွေးစားမိခင် ဒေါ်ရှင် ကွယ်လွန်သဖြင့် မွေးစားသား မောင်သန်းထွန်း (ခ)ကိုကျော်ကျော်အောင်က ကောင်းမွန်စွာ သင်္ဂြိုဟ်၊ ဆွမ်းသွတ်ပေးခဲ့ပါသည်။ မွေးစားမိခင် ဒေါ်ရှင် ပိုင် လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားလမ်းရှိ အချင်းဖြစ်အိမ်နှင့်ဝိုင်းတွင် မွေးစားချိန်မှစ၍ ယနေ့တိုင် မောင်သန်းထွန်း(ခ) ကိုကျော်ကျော်အောင်၏မိသားစု အတူနေထိုင်ပါသည်။ အမွေရှင် ဒေါ်ရှင် ကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သော ဖော်ပြပါအချင်းဖြစ်အိမ်ပိုင်း မြေကွက်နှင့် ယင်းပေါ်ရှိ အဆောက်အဦများသည် မွေးစားသား မောင်သန်းထွန်း(ခ) ကိုကျော်ကျော်အောင် တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** | |
| **မောင်သန်းထွန်း(ခ)** | **ဦးဟန်ရှိန်(B.A:Gerog;)(H.G.P)** | **ဒေါ်ထက်ထက်အောင်(LL.B)** |
| **ကိုကျော်ကျော်အောင်** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(ဘ) ဦးညီညီအောင်** | **(စဉ်–၆၄၇၈)** | **(စဉ်–၁၅၉၁၇)** |
| **[၉/လဝန(နိုင်)၂၂၇၁၁၆]** | **ဘုရားလမ်း၊ အမှတ်(၃)ရပ်ကွက်၊** | **အမှတ်(၁)ရပ်ကွက်၊** |
| **ဘုရားလမ်း၊ အမှတ်(၃)** | **လယ်ဝေးမြို့။** | **လယ်ဝေးမြို့။** |
| **ရပ်ကွက်၊ လယ်ဝေးမြို့။** | **၀၉–၄၂၉ ၂၆၈၁၉** | **၀၉–၄၂၀၆၈၄၀၆၀** |

## ပျောက်ဆုံးကြောင်း

မမီမီသစ်လွင် (ဘ) ဦးတင့်လွင် [၉/မကန (နိုင်) ၁၀၂၆၄၇]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH–713790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၄၆၃၆၉၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ အကွက်အမှတ် (ဒ–၉)၊ ဦးပိုင်အမှတ် (၈၂)၊ ၆၅(ဘီ)လမ်း၊ ၃၉x၄၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းကေသီဝင်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၂၈၄၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှင်ဖန် [၉/မရမ(နိုင်) ၀၇၁၆၀၂]က အမှုတွဲအမှတ် (၄၈၆၃ / ၂၀၂၅ – ၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် (၈၈–၁၂)၊ ဦးပိုင်အမှတ် (၅၉ )၊ ၁၀၇ (D)လမ်း၊ ၄၈x၄၉ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်သား–ဝင်းဆောင်မိုး [၉/အမရ (နိုင်) ၀၀၄၂၇၉ ]၏ (SP ရရှိသူ ဒေါ်သူဇာဝင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၈၅၉ / ၂၀၂၅ – ၂၀၂၆) ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ ရပ်ကွက်၊ အကွက်အမှတ် (ခ–၅)၊ ဦးပိုင်အမှတ် (၅၀–က)၊ ၄၁x၄၂ ကြား၊ ၆၆x၆၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်စိန် [၉/မရမ (နိုင်) ၀၅၂၇၂၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ်(၅၁)၊ တိုက်အမှတ်(၄) ဟုခေါ်တွင်သောမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၆)ထပ်တိုက်မှ စတုတ္ထထပ် (၅–လွှာ/အေ)ခေါင်းရင်းခန်း အလျား (၁၂½)ပေx အနံ (၅၀)ပေ အကျယ်အဝန်းရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဌေးဌေးဝင်း [၁၂/ကမရ(နိုင်) ၀၂၉၇၆၁] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထား ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ကေခိုင်ထွန်းမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကေခိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | | |
|---|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မိုမိုထွန်း** | **ဒေါ်မာလာသန်းမြင့်** |
| **(စဉ်–၇၆၀၇)** | **(စဉ်–၁၂၉၆၅)** | **(စဉ်–၁၅၉၉၄)** | **(စဉ်–၁၈၂၅၅)** |
| **LL.B, D.B.L** | **LL.B, D.B.L** | **LL.B** | **LL.B** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၄၉)၊ အခန်း (၅+၆)၊ လမ်း (၄၀)အောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၉၈၈၅၉၅၀၄၅ ၊ ၀၉–၇၆၃၁၆၁၂၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ၁/န တိုးချဲ့၊ (၇)လမ်း၊ မြေကွက်အမှတ်(၄၀၁)ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်မြင့်မူ [၉/အမရ(နိုင်)၀၀၄၉၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးမင်းကျော်[၁၂/ဥကတ(နိုင်)၀၈၂၅၅၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ ဖုန်း ၀၉–၇၆၉၆၄၆၅၉၃၊ ၀၉–၄၅၁၁၂၈၇၇၆**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၉)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ မြေကွက်အမှတ်–၁၃၄၅၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၊ မူလအမည်ပေါက်မြေရှင် ဦးအောင်သန်း၏ မြေပေါ်ရှိ မြေရှင်အကျိုးခံစားခွင့် အခန်းဖြစ်သော အခန်းအမှတ်–(B/3)၊ အကျယ်အဝန်း (၁၂½x၅၀)ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူ၍ လက်ရောက်ရရှိထားသူ ဒေါ်သိမ့်သိမ့်သူ [၁၂/ဒဂရ(နိုင်)၀၃၅၅၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော် [၁၂/တမန(နိုင်)၀၀၅၅၅၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဇော် [၁၂/တမန(နိုင်)၀၀၅၅၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးသူ LL.B, WIPO DL–101 (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၈၁)**
**၀၉–၇၇၂၆၁၇၅၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာ၊ Condo(2)၊ အခန်း(4B)၊ မူလပိုင်ရှင်(Owner Book) အမည်ပေါက် ဦးအောင်လွင်အေး [၉/မနမ(နိုင်)၀၉၈၈၂၇]ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူဖြစ်သည့် ဒေါ်အေးအေးသက် [၉/မနတ(နိုင်)၀၁၁၀၁၂]နှင့် ဒေါ်အေးအေးသန့် [၉/မနတ(နိုင်)၀၁၁၀၁၃]အမည်ဖြင့် ပြောင်းလဲ၍ ပိုင်ဆိုင်မှုစာအုပ်(Owner Book)အား ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့ လျှောက်ထားလာသည့်အတွက် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းဆန် [၁၃/ကမန(နိုင်)၀၇၆၉၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ပွတ်ကြီးရွာရှိ ကွင်းအမှတ်(၄၈၂)၊ ကွင်းအမည်– ဆင်ပွတ်တောင်ကွင်း၊ ဦးပိုင်အမှတ်(၆၅), ဦးညီအောင် အမည်ပေါက် ပုံစံ(၇)ပါ ယာမြေ ဧရိယာ(၁.၈၀)ဧကအား ယခုလက်ရှိ ရောင်းဝယ်ပိုင်ဆိုင်ခွင့်ရှိသူ ဦးနေအေး [၉/တတဥ(နိုင်)၀၂၈၅၄၉] ကိုင်ဆောင်သူထံမှ လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများဖြင့် ရောင်းဝယ်ခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဆန် [၁၃/ကမန(နိုင်)၀၇၆၉၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်မိုးသွယ်(LL.B)** | **ဒေါ်မြတ်ဝင်းရီ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၀၈၇)** | **(စဉ်–၁၅၃၄၂)** |

**အမှတ်–၁၁၄၊ TV တိုင်လမ်း၊ ကျောက်တောင်၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်။**
**Ph: 09– 43207918, 09– 699427447**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၂၀-၂-၂၀၂၆ ရက်(သောကြာနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနည်းဆုံးပညာအရည်အချင်း | လစ်လပ်နေရာ ကျား | မ | ကျား/မ |
|---|---|---|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) (ဘူမိဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology) (Q/Hons;/DAG) | ၁ | | |
| (ခ) | ဘူမိရူပဗေဒလက်ထောက်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EC/EP) | ၁ | | |
| (ဂ) | တိုင်းထွာရေး(၂) (ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Tech(Civil) B.Sc(Geology)+ DAG/ B.Sc(Geology)မဟာသိပ္ပံ တန်းတက်ရောက်ရန်အဆင့်မီ | ၂ | | |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (တွင်းတူး)(ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Tech(MP/MT) | ၁ | | |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂) (ထုတ်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Petroleum/Mech;/EP/EC) | ၁၀ | | ၂ |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂) (စက်မှု) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/Mechatronic) | ၅ | | |
| (ဆ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပိုက်လိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Mechanical/ Mechatronic) | ၆ | | |
| (ဇ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆောက်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(Civil) | | | ၄ |
| (ဈ) | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်စစ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E(EP) | | | ၃ |
| (ည) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆက်သွယ်ရေးနှင့်IT) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EC/ IT) | | | ၃ |
| (ဋ) | စာရင်းကိုင်(၂) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/B.Act/B.Econ(Eco)/ B.Econ(Stats) | | | ၁ |
| (ဌ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၁၅ | ၃ | ၁၂ |
| (ဍ) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | | ၃ |
| (ဎ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၁၅ | | |
| (ဏ) | စက်မှုကျွမ်းကျင်(၄) (ထုတ်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | GTI (Petroleum/ Mech;/EP/EC) | ၈ | | ၂ |
| (တ) | စက်မှုကျွမ်းကျင်(၄) (စက်မှု) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | GTI | ၇ | | |
| (ထ) | စက်မှုကျွမ်းကျင်(၄) (ပိုက်လိုင်း) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Mechanical) | ၆ | | |
| (ဒ) | စက်မှုကျွမ်းကျင်(၄) (ဆောက်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(Civil) | ၅ | | |
| (ဓ) | လျှပ်စစ်ကျွမ်းကျင်(၄) (လျှပ်စစ်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EP) | ၃ | | |
| (န) | စက်မှုကျွမ်းကျင်(၄) (စက်ပြင်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(MP/MT/CNC) | ၅ | | |
| (ပ) | စက်မှုကျွမ်းကျင်(၄) (ဆက်သွယ်ရေးနှင့်IT) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI(EC/IT) | | | ၅ |
| (ဖ) | တိုင်းထွာရေး(၅) (ဘူမိဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ အထက်တန်းအောင် | ၁ | | |
| (ဗ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) (သုတေသန) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ အထက်တန်းအောင် | | | ၁ |
| (ဘ) | အီလက်ထရောနစ် ကျွမ်းကျင်(၅)(ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ အထက်တန်းအောင် | ၂ | | |
| (မ) | လျှပ်စစ်ကျွမ်းကျင်(၅) (ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ အထက်တန်းအောင် | ၂ | | |
| (ယ) | ရေနံကျွမ်းကျင်(၅) (တွင်းတူး)(ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ITC/ အခြေခံပညာ အထက်တန်းအောင် | ၁ | | |
| (ရ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၆ | | |
| (လ) | စက်မောင်း(၅) (ထုတ်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၃ | | |
| (ဝ) | စက်မှုကျွမ်းကျင်(၅) (ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၆ | | |
| (သ) | ဂဟေဆက်(၅) (ပိုက်လိုင်း) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၅ | | |
| (ဟ) | ယာဉ်မောင်း(၅) (ဘူမိရူပဗေဒ/ သယ်ပို့စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာ အလယ်တန်းအဆင့်+ ယာဉ်မောင်း(ခ)လိုင်စင် | ၁၀ | | |
| (ဠ) | စက်မှုကျွမ်းကျင်(၅) (စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS / ITC | ၃ | | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၆ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထိ ခွင့်ပြုသည်။

(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူမှန်

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှု ကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက် မူရင်း

(စ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိကြောင်း နှင့် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ (ထုတ်ပယ်/ထုတ်ပစ်)ခံရဖူးခြင်းမရှိပါကြောင်း ကိုယ်တိုင်ဝန်ခံချက်မူရင်း

(ဆ) ၃ လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့်အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ (စ)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၂၈-၂-၂၀၂၆ ရက်(စနေနေ့)နှင့် ၁-၃-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင် ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို အောက်ဖော်ပြပါရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-

(က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၂၈-၂-၂၀၂၆ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

(ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁-၃-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့် အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၂-၂၀၂၆ ရက်(သောကြာနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင် လာရောက်ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်းရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်းရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ ရွေးချယ်ခံရသော အမည်စာရင်းအား စွမ်းအင်ဝန်ကြီးဌာန Website တွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်- ၀၆၇-၃၄၁၁၀၉၆၊ ၀၆၇-၃၄၁၁၃၃၈၊ ၀၆၇-၃၄၁၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်။

ဓာတ်ပုံ (၁.၁x၁.၃လက်မ)

စာဖြေဌာန ---------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်

(က) ---------------------------------------------------------------

(ခ) ---------------------------------------------------------------

(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ

(က) အမည် ---------------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------------------------

(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ---------------------------------------------------------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ---------------------------------------------------------------

(င) ပညာအရည်အချင်း/ခုနှစ် ---------------------------------------------------------------

(စ) နေရပ်လိပ်စာ အပြည့်အစုံ ---------------------------------------------------------------
ဖုန်းနံပါတ် ---------------------------------------------------------------

(ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ---------------------------------------------------------------
ရာထူး၊ ဌာန၊ လစာနှုန်း ---------------------------------------------------------------

(ဇ) ဖခင်အမည် ---------------------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------------------------
အလုပ်အကိုင် ---------------------------------------------------------------

(ဈ) အမိအမည် ---------------------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------------------------
အလုပ်အကိုင် ---------------------------------------------------------------

(ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ---------------------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------------------------
အလုပ်အကိုင် ---------------------------------------------------------------

(ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ ---------------------------------------------------------------
(နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူမှန်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း

(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် --------------------
အမည် --------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------
ဖုန်းနံပါတ် --------------------

❖ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်...

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရ အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ပဲခူးမြို့၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၂) ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော်ဖွင့်ပွဲအထိမ်းအမှတ် မင်္ဂလာမုခ်ဦး ဆိုင်းဘုတ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၂) ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပ

မင်းဘူး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၏ (၂၅၉၂)ကြိမ်မြောက် ဗုဒ္ဓပါဒပူဇနိယဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ

ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် ဘင်္ဂါလီများကို နိုင်ငံတော်အစိုးရက ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ စစ်တွေမြို့ အောင်မင်္ဂလာ ရပ်ကွက်တွင် နေထိုင်သည့် ရာအိမ်မှူး ဦးကျော်တင်လှိုင်၏ ပြောကြားချက်များ

စာမျက်နှာ » ၁၁

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာမျက်နှာ » ၁၃

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများက ရေကူးနှင့် ပြေးခုန်ပစ် အားကစားနည်းများတွင် ယနေ့အထိ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ် သုံးခုဆွတ်ခူးရရှိ

စာမျက်နှာ » ၁၇

# သီပေါနှင့် မိုင်းရယ်မြို့နယ်တို့အတွင်း မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာ ငါးနေရာအား ထပ်မံဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့်သတင်းများကို ဇန်နဝါရီ ၁၁ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသများအတွင်း မူးယစ်ဆေးဝါးချက်လုပ်နေမှုများကို အမြစ်ပြတ်ရှင်းလင်းနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လိုအပ်သည့်လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းဖော်ထုတ်ခြင်းများပြုလုပ်၍ နယ်မြေရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့**









ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် မန်ဖြတ်ကျေးရွာ၏ အနောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၌ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် မီးစက်ကြီးနှစ်လုံးနှင့် အက်စစ်ပါ ပလတ်စတစ်ပီပါအပြာ ၅၄ လုံးကို တွေ့ရစဉ်။